ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

လက်ပံတောကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လက်ပံတောကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ

# လက်ပံတောကျေးရွာ

## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လက်ပံတောကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

လက်ပံတောကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဉစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀
**ကိုးကားစာရင်း** ၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လက်ပံတောကျေးရွာ
မင်းဘူးမြို့နယ်

## လက်ပံတောကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မင်းဘူး(စကု) မြို့နယ် မန်းရေနံမြေဧရိယာအတွင်းတည်ရှိပြီး အုပ်ချုပ်ရေး ရုံးစိုက်ရာ မင်းဘူးမြို့နယ်နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသ တွင် တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဖြစ်ကြသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှ ၄ဝမှ၅ဝ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည့် ကျေးရွာတည်ရှိရာသည် ကုန်းတွင်း ပိုင်းတွင် တည်ရှိပြီ ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာအနီးသည် တောတောင် မြစ်ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီဩဇာအသင့်အတင့်ကောင်း မွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ မြေလွှာများ ညံ့ဖျင်းသည့်အတွက် တောင်သူအချို့မှာ စိုက်ပျိုးရာတွင် နေကြာနှင့် ပဲလွန်းများသာ အဓိက စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

လက်ပံတောကျေးရွာသည် အိမ်ထောင်စုပေါင်း(၂၁၇)စုရှိ၍ လူဦးရေ(၇၅၁)ဦးရှိကာ တစ်အိမ် ထောင်ပျမ်းမျှ(၃-၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန် ၄ဦးထက်လျော့နည်း သည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေ ပေါင်း၏၅၅ရာခိုင်နှုန်းရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်မြစ်ကို လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင် သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၃.၃ရာခိုင်နှုန်း ပိုများနေပါသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ ယေဘူယျအားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၈၁%သည် အလွန်ဆင်းရဲအိမ်ထောင်စုနှင့် ဆင်းရဲအိမ်ထောင်စုအဖြစ် ခံယူ ထားကြပြီး ၉% သည် ချမ်းသာသောအဆင့်၊ ၃၄% သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာ သုံးစက် ကိရိယာများ ပိုင်ဆိုင်မှုနည်းပါးခြင်းတို့ကြောင့် အခြားတောင်သူတချို့မှာ မြေယာနည်းပါးသည့် အတွက် အိမ်ထောင်စုအချို့မှာ လက်သမား၊ ရေနံဝန်ထမ်း ၃၈% လုပ်ကိုင်စားသောက်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆန်စက်စသောလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၅၂)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏၉၂.၃၁ ရာခိုင်နှုန်းမှာ သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်အောင် စားသုံးနိုင်ကြောင်း၊ ၈ ရာခိုင်နှုန်းမှာ သူတစ်ပါးထံမှ မချေးငှားဘဲ သုံးလခန့်စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ ၁၅၀၀၀၀/−ကျပ်မှ ၂၀၀၀၀၀/-ကျပ်ထိ တင်ရှိနေကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှု မရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးဗဟုသုတနည်း၍ သွေးတိုး၊ ဆီးချို၊ ဝမ်းပျက်ဝမ်းလျောရောဂါများ ရံဖန်ရံခါဖြစ်ပွားသည်ကို တွေ့ရှိရသည်။ ကျေးရွာ၏ ရေမြေသဘာဝအနေအထားအရ ဝမ်းပျက်၊ ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါများ အဖြစ်နည်းပါးကြသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အနည်းငယ်ရှိပါ သည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနိုင်ကြပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းမှုပညာနှင့် အလုပ်အကိုင်အခွင့်အလမ်း ကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးပါသည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်၊၊ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများ ပညာရေးနှင့် အခြားနယ်များတွင် အခွင့်အရေးတူညီစွာ ယေဘုယျအားဖြင့် ရရှိနိုင်ပါသည်။ ကိန်းဂဏန်းအရ ပညာရေးနှင့်ပတ်သက်၍ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် အနည်းငယ်များသည်။ နေ့တွက်လုပ်အားခရငွေမှာ အမျိုးသားများကအားသွန်ခွန်စိုက်လုပ်ရသောကြောင့် အမျိုးသမီးများထက် လုပ်ခပိုရသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းတွင် အမျိုးသမီးများက ပါဝင်မှုလျှော့နည်းလျှက်ရှိပါသည်။ ကျား၊မတန်းတူညီမျှနှင့်ပတ်သက်၍ အသိပညာမြင့်ဆောင်ပေးခြင်းဖြင့် တန်းတူဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးဆိုင်ရာကိစ္စများနှင့် နာရေးကူညီမှုများတွင် လူငယ်ပရဟိတအဖွဲ့ မှ ဦးဆောင်ပြီး လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပြီး ပက်စ်မြန်မာအသေးစားအဖွဲ့မှ အသေးစား ငွေစု ငွေချေးလုပ်ငန်းကိုလည်းပတ်လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားဆိုင်ရာချိတ်ဆက်မှုအားနည်းပြီး ထိုသဘောထားရေးရာနှင့် ပတ်သက်၍ အဖွဲ့အစည်း များမှ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို ကောင်းမွန်တိုးတက်လာနိုင်ပါသည်။

### (ခ) သီးနှံထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မြေပဲနှင့် နေကြာတို့အဓိကထားစိုက်ပျိုးကြသည်။ ဆောင်းရာသီမှာ မြေပဲ စိုက် ဧက(၁၃၇)နေကြာဧက(၁၄၂)စိုက်ပျိုး၍ အနည်းငယ်မတ်ပဲများလည်း စိုက်ပျိုးကြပါသည်။ စိုက်ဧက (၂)ဧကကျော် စိုက်ပျိုးကြပါသည်။ မြေပဲ၁ဧက ထွက်နှုန်းမှာ (၇၅)ခန့် ထွက်ရှိပါသည်။ နေကြာ ၁ဧကမှာ (၁၇)မျှထွက်ရှိပါသည်။ မတ်ပဲ ၁ဧက(၇)ခန့်ထွက်၍ စိုက်ပျိုးကြပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်သည်။ တောင်သူအများစုသည် လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်နေရသည်။ တောင်သူအများစု မှာ လုပ်အားခပိုပေးရသည့်အတွက် ကုန်ကျစရိတ်အလွန်များပြားပါသည်။ စရိတ်သက်သာရန် အတွက် စပါးစိုက်ပျိုးရာတွင် ကျဲပက်စနစ်ကိုသုံးကြသည်။ တောင်သူများတစ်ခါတစ်ရံတွင် မိုးရွာ သွန်းမှုမညီမျှခြင်းကိုရင်ဆိုင်ရပါသည်။ ပဲမျိုးစုံစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမို တွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် ထိရောက်သော ဖျက်ပိုး နှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင်း တိရစ္ဆာန်မွေးမြူရာတွင် ကြက်မွေးမြူကြပြီး ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်ပါသည်။ နည်းပညာဝန်ဆောင်မှု ကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရပါသည်။ ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

### (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းအနေဖြင့်ဆန်စက်ရှိပါသည်။ အခြားလုပ်ငန်း များမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းများမှာ အမျိုးအစားအလိုက် တွက်ချေကိုက် မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်သားအလုပ်သမားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်း ကြောင့် တွက်ချေကိုက်မှုနည်းပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား အလာကောင်းတစ်ရပ်ဖြစ်သည်။ မင်းဘူးမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှိသဖြင့် ကျေးရွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန် အသက်မွေးဝမ်း ကျောင်းသင်တန်းများဖွင့်လှစ်ပို့ချပေးပါရန် အကူအညီတောင်းခံခြင်းများပြုလုပ်နိုင်ပါသည်။ သို့ပါသော်လည်းကျေးရွာနှင့် ရုံးချိတ်ဆက်နိုင်မှုအားနည်းနေပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးနှင့်ရောဂါများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်း လာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများ ကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျွန်တော်တို့ကျေးရွာသည် အလယ်ပိုင်းဒေသတွင်ရှိခြင်းကြောင့် မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးပါသည်။ အားလျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်ပါသည်။ အခါအားလျော်စွာ ကျရောက်တတ်သောမိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေနှင့် ရှိနေဆဲ ဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂မှစ၍ ငွေထုတ်ချေး ခြင်းမပြုပါ။ အချို့သောအိမ်ထောင်စုများမှာ Pact Myanmarမှ အတိုးနှုန်း(၁ကျပ်၅၀ပြား)နှုန်းဖြင့် အတိုးဆပ်ကာလ(၁၂) လသတ်မှတ်၍ စိုက်ပျိုးစရိတ်ချေးငွေရရှိပါသည်။

ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီးကျေးရွာတွင် ချေးငွေ လိုအပ်ချက် များပြားလျှက်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ ဝမ်းစာဖူလုံမှုအခြေအနေနှင့် အကြွေး တင်မှု စစ်တမ်းကောက်ယူချက်အရ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၅၀၀၀၀ိ/-မှ ၂၀၀၀၀ိ/-အထိ ချေးယူထားကြောင်း တွေ့ရှိရ သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို အလျားပေ၆၀၊ အနံပေ၃၀အရွယ်ရှိသည့် သွပ်မိုး၍ အုတ်နံရံကာနှင့် အင်္ဂတေအခန်းကျောင်းဆောင်နှင့် အထက်တန်းကို သွပ်မိုး အုတ်နံရံနှင့် ကျောင်း ဆောင်တွင် ပညာသင်ကြားနေပါသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ အားလုံး၏ ၃ရာခိုင်နှုန်းမှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြပါသည်။

ကျေးရွာတွင် ဆေးပေးခန်းမရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် မင်းဘူးမြို့သို့ သွားရောက်၍ ကုသမှုခံယူကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများသည် အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများသည် သစ်ဝါးဖြင့် ပြုလုပ်သော ရိုးရိုးယင်လုံ အိမ်သာများကိုသာ ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သား များအတွက် အလွယ်တကူ အသုံးပြုနိုင်ကြသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

## (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ၂၀၁၅ခုနှစ်က ပေ၁၅၀၀ခန့်အရှည်ရှိ မြေနီလမ်းကို မန်းရေနံမြေမှ ခင်းပေးခဲ့ပါသည်။ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကားများ၊သုံးဘီးများ မောင်းနှင်ကြသည်။ ကျေးရွာတောင်သူတစ်ချို့သည် ရေလမ်းခရီးစက်လှေများဖြင့် သွားရန် လွယ်ကူပါသည် ။ ကျေးရွာ လမ်းပန်းဆက်သွယ်သွားလာသည့်အခါ ဆိုင်ကယ်(၁၃၀)စီး၊ စက်ဘီး(၇၉)စီး၊ ကား(၁)စီး တို့ဖြင့် အသုံးပြုကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၇မှစ၍ ဆက်သွယ်ထားရှိပြီး ဖြစ်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းနှင့် ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုမှုမှာ အသင့်အတင့်သာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ရွာသူရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာ ဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူများမရှိပါ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ ။ သို့သော်လည်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါ ကူညီစောင့်ရှောက်ပေးနိုင်ရန် အရံမီးသတ်တပ်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေခံအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေခံနေကောင်းများ

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၇.၂၅%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အနည်းငယ်ရှိပြီး လူငယ်များကို ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြပါသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း မင်းဘူးမြို့နှင့် မကွေးမြို့များသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြပါသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် ကောင်းသော အနေအထားတွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာသည် မင်းဘူး(စကု)ကတ္တရာလမ်းနှင့် ဆက်သွယ်ထားသော ရွာချင်းဆက်လမ်းရှိသဖြင့် သွားလာရ လွယ်ကူပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်ပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိ ကိုင်းမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ ကိုင်းမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် တောင်သူများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

နွေရာသီတွင် စိုက်ပျိုးသော်လည်း ရေစုတ်စက်များပေါ်များမှုမရှိသဖြင့် ရေတင်စိုက်ပျိုးရခြင်းသည် တောင်သူများအတွက် အားနည်းချက်ကို တွေ့ရှိရပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများသည် ပဲမျိုးစုံ စိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပါ တ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လဲမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲများကြုံတွေ့ရတတ်ပါသည်။ ကျေးရွာတွင် ထုတ်ကုန်လုပ်ငန်းအနေဖြင့် ဆန်စက်ရှိသော်လည်း အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာနေလူထုအားလုံး ကျန်းမာရေးကောင်းမွန်ခြင်းများ ပြည့်စုံနေပါက ခေတ်မီသော ပညာရေးစနစ်များ သင်ကြားရခြင်းကြောင့် လူနေမှု အဆင့်အတန်း မြင့်မားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်လာပါမည်။ မြို့နှင့်ဆက်သွယ်သော လမ်းများကောင်းမွန်ပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကျွန်တော်တို့ကျေးရွာတွင် ယခင်ထက် ပိုမိုဖွံ့ဖြိုးမှု မြန်ဆန်စွာဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

က.၂) စိုက်ပျိုး၊မွေးမြူရေးအတွက် အဆင့်မြင့်နည်းပညာများသင်ကြားရခြင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် မိသားစုဝင်ငွေများရရှိပြီး ကျေးရွာဖွံ့ဖြိုးပြီး လူနေမှု အဆင့်အတန်းတိုးတက်လာပါမည်။

က.၃) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ ရရှိပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ဆောင်ခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများတတ်မြောက်လာပါက ပုံမှန်ဝင်ငွေများရရှိလာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

က.၄) စီမံအုပ်ချုပ်မှုစနစ်တွင် စနစ်ကျသော အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းစွမ်းဆောင်ရည်မြင့်သင်တန်းများ သင်ကြားခြင်းဖြင့် အဖွဲ့တစ်ခုနှင့် တစ်ခု ချိတ်ဆက်ဆောင်ရွက်လာပါက စီမံအုပ်ချုပ်မှုစနစ်များကောင်းမွန်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ကျေးရွာချင်းဆက်လမ်းများနှင့် လမ်းဘေးဝဲယာရေနုတ်မြောင်းများ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာပြီး ကုန်ထုတ်မှုဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အတွက် ကျေးရွာချင်းဆက်လမ်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မန်းရေနံမြေCSRမှ ကော်မတီများမှ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ကျေးရွာချင်းဆက်လမ်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ ကျေးရွာတွင်းလမ်းများမှာ ကျယ်သော်လည်း ရွာတွင်းလမ်းများကောင်းမွန်စေရန်အတွက် ကျေးလက်နေပြည်သူများအား ရွာလုံးကျွတ်အစည်းအဝေးခေါ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ သဘောတူညီချက်ရယူ၍ လက်မှတ်ရေးထိုးပြီး ရွာတွင်းလမ်းများကောင်းမွန်အောင် လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ကျေးရွာသာယာလှပစေခြင်း၊ မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရာလည်း ရောက်သလို ကျေးရွာဖွံ့ဖြိုးတိုးတက်လာနိုင်စေသည့်အတွက် ရွာတွင်းလမ်းများကောင်းမွန်စေရန်

အတွက် ကျေးရွာနေပြည်သူများနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် မြေစာရင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာပြီး ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

ခ.၂) ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်စေရန်အတွက် ကျေးလက်နေပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ကျေးလက်ဆေးပေးခန်း များ ဆောက်လုပ်ပေးခြင်း၊ ကျေးလက်နေပြည်သူများ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာစေနိုင်သည့် ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

ခ.၃) ကျေးရွာတွင် ပညာရေးသည် အလွန်ပင်နိမ့်ကျလျှက်ရှိသည့်အတွက် ကျေးရွာအတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာအတွင်း ကျောင်းကော်မတီများ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးပိုင်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကျောင်းဆရာ/ဆရာမများ ပူးပေါင်းဆောင်ရွက်ပြီး ပညာရေးဖွံ့ဖြိုးတိုးတက်လာစေနိုင်သည်။ ကျေးရွာပညာရေးတိုးတက်စေရေးအတွက် မူကြိုကျောင်းများတွင် လိုအပ်သောသင်ထောက်ကူနှင့် အားကစားပစ္စည်း၊ ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ရရှိအောင် ဆောင်ရွက်ခြင်း၊ ခေတ်မီသော ပညာရေးသင်ကြားမှုများရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးအတွက် ပညာရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ ထိုသို့ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာပညာရေးဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါသည်။

ခ.၄) ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးကောင်းမွန်လာစေရန်အတွက် ကျေးလက်နေတောင်သူများ စိုက်ပျိုးရေးအသိပညာဗဟုသုတရရှိစေရန်အတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ သီးနှံများတွင် ကျရောက်တတ်သော ရောဂါများ ကာကွယ်နိုင်ရန်အတွက် ဆေးသုံးနည်းများမှန်ကန်အောင် သင်တန်းပို့ချခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုကောင်းမွန်စေရေး အတွက် ရင်းနှီးမတည်ငွေထုတ်ချေးခြင်းများ ပြုလုပ်ပေးခြင်းဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါသည်။ တောင်သူများ၏ ၁ဧကကုန်ကျစရိတ်သည် ၂၅၀၀၀၀ကျပ်ဝန်းကျင်ခန့်ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနှင့် တောင်သူများအား ရင်းနှီးမတည်ချေးငွေ လုံလောက်အောင် ချေးငှားမှသာလျှင် တောင်သူများ၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်လာနိုင်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေတောင်သူများ၊ စိုက်ပျိုးမွေးမြူရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ခြင်း၊ မွေးမြူရေးချေးငွေများ ထုတ်ချေးခြင်း၊ အခြား NGP, INGOအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ တိမွေးကုဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် တိုးတက်လာနိုင်ပါသည်။

ခ.၅) ကျေးရွာတွင် သဘာဝမြေအရင်းအမြစ်အသင့်အတင့်ကောင်းမွန်သောမြေဖြစ်သည့်အားလျော်စွာ ရာသီဥတုအခြေအနေပေါ်မူတည်၍ ကုန်ထုတ်လုပ်မှုကောင်းမွန်သောဒေသဖြစ်သည်။ သီးနှံများရရှိသော်လည်း ကုန်ထုတ်လုပ်ရောင်းချရာ၌ ဈေးကွက်စနစ်မကောင်းမွန်သည့်အတွက် အမြတ်ငွေရရှိမှုနည်းပါးသည်။ နှစ်စဉ်စိုက်ပျိုးရန်အတွက် အတိုးချေးယူပြီး စိုက်ပျိုးရသည့် တောင်သူအများစုသည် အကြွေးသံသရာတွင် လည်ပတ်ရုန်းကန်နေကြရသည်။ ကုန်စည်ဝန်ဆောင်မှု ကောင်းမွန်လာစေရန်အတွက် ဈေးကွက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း ၊ သက်တမ်းတိုမျိုးစေ့များ ထုတ်လုပ်ရောင်းချခြင်း တောင်သူများနှင့် ကုန်စည်ဒိုင်များချိတ်ဆက်ပေးခြင်းဖြင့် ကုန်စည်ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ ကုန်စည်ထုတ်လုပ်မှုမရှိသော ပြည်သူများအား အသေးစားစက်မှုသင်တန်းများ သင်ကြားခြင်း၊ ဝင်ငွေရအိမ်တွင်းမှုလုပ်ငန်းများ သင်ကြားပေးခြင်း၊ အသေးစားချေးငွေများထုတ်ချေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများဖွင့်လှစ်ခြင်း၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေများ ဖွံ့ဖြိုးတိုးတက်စေနိုင်သည့်အတွက် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းပို့ချဖွင့်လှစ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ဖြင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများဖွံ့ဖြိုးတိုးတက်လာပြီး ဝင်ငွေများရရှိလာကာ ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် ကုလားပဲအပြင် မတ်ပဲကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးအတွက် ကုန်ပစ္စည်းများရောင်းချသည့်

ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည့် သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ္ဍာလုပ်ငန်းများ

ဘဏ္ဍာလုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားများအတွက် အထိုက်အလျောက်များပြားသော စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိရန် လိုအပ်ပါသည်။ ကျေးရွာတွင် သမအသင်း ဖွဲ့စည်းမှုအနည်းအပါးရှိခဲ့သည်။ အတော်များများ တောင်သူများမှာ ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျွန်တော်တို့ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာဈေးကွက်၊ သတင်းအချက်အလက်နှင့် လက်လှမ်းမီမှုအားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှု)လုပ်ငန်းများအတွက် စီမံခန့်ခွဲရေးထောက်ပံ့ခြင်းတို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်ပါဝင်မည်ဖြစ်ပြီး ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် လိုအပ်နေသော်လည်း မဖြစ်နိုင်ခဲ့ပါ။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျန်းမာရေးကဏ္ဍ*** | | | | | |
| | ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးပံ့ပိုးမှုများ ရရှိအောင်ဆောင်ရွက်ခြင်း | ၆၆ | ၁ | -ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း<br>-ကျေးလက်ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်ပရိဘောဂများနှင့် ဆေးပစ္စည်းများ ရရှိရန်။ | ကျေးလက်ဦးစီး |
| ***စီမံအုပ်ချုပ်မှုစနစ်*** | | | | | |
| | ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြင့် အစီအစဉ် လုပ်ဆောင်ခြင်း | ၅၂ | ၂ | -ကျေးရွာဖွံ့ဖြိုးရေးကော်မတီစနစ်တကျဖွဲ့စည်းခြင်း<br>-ခေါင်းဆောင်မှုသင်တန်း<br>-စာရင်းကိုင်သင်တန်း<br>-ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးသင်တန်းများ | ကျေးလက်ဦးစီး |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
| | စိုက်ပျိုးရေးနည်းပညာ အကူအညီများ ပံ့ပိုးမှုများရရှိအောင် ဆောင်ရွက်ခြင်း | ၅၀ | ၃ | -မျိုးကောင်းမျိုးသန့်စိုက်ပျိုးနည်း၊ဓါတုဆေးသုံးစွဲနည်း၊ ဇီဝဓါတ်မြေသြဇာထုတ်လုပ်နည်းသင်တန်း<br>-ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးခြင်း | ကျေးလက်ဦးစီး |
| ***လမ်းပန်းဆက်သွယ်ရေးကဏ္ဍ*** | | | | | |
| | ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၄၈ | ၄ | -ရွာတွင်းလမ်းများ မြေနီခင်းခြင်း<br>-ရွာခြင်းဆက်လမ်းများ ကတ္တရာခင်းခြင်း<br>-ကျေးရွာလမ်းကော်မတီများ ဖွဲ့စည်းခြင်း | ကျေးလက်ဦးစီး |

| | | | | |
|---|---|---|---|---|
| *ပညာရေးကဏ္ဍ* | | | | |
| | ကျောင်းနေအရွယ်ကလေး တိုင်း ပညာသင်ကြားနိုင် အောင်ဆောင်ရွက်ခြင်း | ၄၂ | ၅ | -သင်ထောက်ကူနှင့် အားကစားပစ္စည်း၊ ကျောင်းအာဟာရတိုက်ကျွေးရေးအစီအစဉ်များ ဆောင်ရွက်ခြင်း<br>-သင်ကြားရေးဆရာ/ဆရာမများ လုံလောက်စွာရရှိအောင် ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီး |
| *စိုက်/မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများကဏ္ဍ* | | | | |
| | အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ရရှိအောင် ဆောင်ရွက်ခြင်း | ၄၁ | ၆ | -စက်ချုပ်သင်တန်း<br>-ဆိုင်ကယ်ပြင်သင်တန်း<br>-လက်မှုထည်သင်တန်း<br>-ယိုမျိုးစုံလုပ်နည်းသင်တန်း<br>-ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း | ကျေးလက် ဦးစီး |
| *ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ* | | | | |
| | ဘဏ်များငွေကြေးဝန်ဆောင်မှု များရရှိအောင်ဆောင်ရွက်ခြင်း | ၃၂ | ၇ | -လုပ်ငန်းအလိုက် ငွေကြေးဆိုင်ရာ အစုအဖွဲ့များဖွဲ့စည်းခြင်း<br>-အတိုးနှုန်းသက်သာသော ချေးငွေများရရှိအောင် ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီး |
| *မွေးမြူရေးကဏ္ဍ* | | | | |
| | မွေးမြူရေးထုတ်ကုန်လက် ကားဈေးကြီးပေါ်ထွန်း အောင် ဆောင်ရွက်ခြင်းနှင့် တိုးချဲ့မွေး မြူနိုင်အောင် ဆောင်ရွက်ခြင်း | ၃၁ | ၈ | -မျိုးသန့်များဝယ်ယူမွေးမြူခြင်း<br>-တိရိစ္ဆာန်မွေးမြူရေးသင်တန်းများ ဖွင့်လှစ်ရန် တိမွေးကု ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | ကျေးလက် ဦးစီး |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးပံ့ပိုးမှုများ ရရှိအောင် ဆောင်ရွက်ခြင်း | ၁ | —— | —— | —— | —— | —— |
| ၂။ ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြင့်သင်တန်းများ ဖွင့်လှစ်ခြင်း | ၂ | —— | —— | —— | | |
| ၃။ စိုက်ပျိုးရေးနည်းပညာအကူအညီများ ပံ့ပိုးမှုများရရှိအောင် ဆောင်ရွက်ခြင်း | ၃ | —— | —— | —— | —— | —— |
| ၄။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာတွင်းလမ်းများကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၄ | —— | —— | | | |
| ၅။ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်အောင်ဆောင်ရွက်ခြင်း | ၅ | —— | —— | —— | —— | —— |
| ၆။ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများရရှိအောင် ဆောင်ရွက်ခြင်း | ၆ | —— | —— | —— | —— | —— |
| ၇။ ဘဏ်များငွေကြေးဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း | ၇ | —— | —— | —— | | |
| ၈။ မွေးမြူရေးထုတ်ကုန် လက်ကားဈေး၊ မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်း | ၈ | —— | —— | —— | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ နှင့် ဆေးဝါးပံ့ပိုးမှုများ ရရှိအောင် ဆောင်ရွက် ခြင်း | ၃၀၀ | ၂သိန်း | ၂၉၆ သိန်း | ၂သိန်း | - |
| ၂ | ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြှင့်သင်တန်းများ ဖွင့်လှစ်ခြင်း | ၅၀ | ၁သိန်း | ၄၈သိန်း | ၁သိန်း | - |
| ၃ | စိုက်ပျိုးရေးနည်းပညာအကူအညီများ ပံ့ပိုးမှု များရရှိအောင် ဆောင်ရွက်ခြင်း | ၅၀၀ | ၂သိန်း | ၄၉၆ သိန်း | ၂သိန်း | - |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၅၀ | ၃သိန်း | ၄၇သိန်း | - | - |
| ၅ | ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၁သိန်း | ၉၉သိန်း | - | - |
| ၆ | အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများရရှိအောင် ဆောင်ရွက်ခြင်း | ၃၅၀ | ၁သိန်း | ၃၄၅ သိန်း | ၄သိန်း | - |
| ၇ | ဘဏ်များငွေကြေးဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း | ၃၀၀ | ၁သိန်း | ၂၉၉ သိန်း | - | - |
| ၈ | မွေးမြူရေးထုတ်ကုန် လက်ကားဈေး၊ မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်း | ၄၅၀ | ၅သိန်း | ၄၄၂ သိန်း | ၂သိန်း | - |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင် ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု

အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ | ၁.၄၇ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၁၇ | ၃၅ | ၄.၆၆ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၃၄ | ၇၂ | ၉.၅၉ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၄ | ၄၂ | ၇၆ | ၁၀.၁၂ |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၁ | ၂၃၅ | ၄၈၆ | ၆၄.၇၁ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၉ | ၄၂ | ၇၁ | ၉.၄၅ |
| **စုစုပေါင်း လူဦးရေ-၇၅၁** | | **၃၇၆** | **၃၇၅** | **၇၅၁** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု -၂၁၇** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။…ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၁၇)အိမ်ထောင်စု ရှိပါသဖြင့် (ကျား)စုစုပေါင်း(၃၇၆)ဦးနှင့် (မ)စုစုပေါင်း(၃၇၅)ဦး ၊ လူဦးရေစုစုပေါင်းမှာ (၇၅၁)ဦးရှိပါသည်။ ၁နှစ်အောက်ကလေး ၁၁ဦး၊ ၅နှစ်အောက်ကလေးငယ်၃၅ဦး၊ မူလတန်းကျောင်းသားအရွယ်၇၂ဦး၊ အလယ်တန်းကျောင်းသားအရွယ်၇၆ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် ၄၈၆ဦး ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကျရောက်လာပါက တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၃%သာရှိသောကြောင့် နိုင်ငံတော်မှ သတ်မှတ်ထားသော လူဦးရေအောက် လျော့နည်းနေပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၅ | ၄၈.၄ | ၁၁၅ | ၁၅ | တောင်သူ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၅ | ၁၆.၁၃ | ၃၅ | ၇၃ | လယ်ယာမြေများတွင် အငှားလိုက်ခြင်း |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၈ | ၁၇.၅၁ | ၃၈ | ၈၃ | ရေနံလုပ်သား |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၅ | ရေပေးရေး |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁.၈၄ | ၄ | | လက်သမား |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇ | ၃.၂၃ | ၇ | ၅ | ပန်းရံလုပ်ငန်း |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၄၆ | ၁ | | ဆိုင်ကယ်ပြုပြင်ရေး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၂.၃ | ၅ | ၇ | ပန်းရံ၊လက်သမား |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၄၆ | | | စက်ချုပ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁၅ | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁.၃၈ | ၃ | | အိမ်ဆိုင်၊ ခေါင်း ရွက်ဈေးသည် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၈ | ၃.၇ | ၈ | ၅၈ | မင်းဘူးမြို့ရှိဈေးဆိုင်များတွင် အငှားလိုက်ခြင်း |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၃ | ကားမောင်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁ | ကျောင်းဆရာ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၄၆ | ၁ | | သားဖွားအရံ |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၂၃ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၉ | ၄.၁၅ | ၉ | ၄၅ | ကုမ္ပဏီဝန်ထမ်း |
| | **စုစုပေါင်း** | **၂၁၇** | **၁၀၀** | **၂၂၆** | **၃၃၃** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်တောင်သူများအနေနှင့် မိသားစုအလိုက် ဆောင်ရွက်ခြင်း၊ ပေါင်းမြက်သင်ချိန်တွင် အငှားကူလီများနှင့် ငှားရမ်း ဆောင်ရွက်၍ သီးနှံများရိတ်သိမ်း၊ထုတ်လုပ်ကြရပါသည်။ ကျေးရွာရှိ မိသားစုဝင်အချို့သည် မွေးမြူရေးလုပ်ငန်းအား တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ အချို့သော အိမ်ထောင်စုဦးစီးများ အနေနှင့် အသက်မွေးဝမ်းကျောင်းအဖြစ် ဆိုက်ကယ်ပြင်ဆိုင်ထွက်ခြင်း၊ အမျိုးသမီးများအနေနှင့် မိသားစုဝင်ငွေရရှိစေရန စက်ချုပ်ဆိုင်ဖွင့်ခြင်း၊ လူအများစုမှာ ကူလီလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းရာရသူအများအပြားရှိနေပါသည်။ MPRL ကုမ္ပဏီများတွင် ဝန်ထမ်းလုပ်ကိုင်သူများ လည်းရှိကြပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | လယ်ယာစိုက်ပျိုး |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၅၀၀ | ကုန်စုံဆိုင်၊ပွဲရုံ၊ စတိုးဆိုင် |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာလုပ်ငန်း အတွက် နေ့စားခရရှိမှုမှာ ကျား၁ယောက် ၄၀၀၀မှ ၃၀၀၀ထိ၊ မ ၁ယောက်မှာ ၃၀၀၀မှ ၂၀၀၀ထိ ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လက်သမား၊ ပန်းရံလုပ်အားခများမှာ ကျား၁ယောက် ၅၀၀၀မှ၃၀၀၀ထိ၊ မ၁ယောက် ၃၀၀၀မှ ၂၀၀၀ထိ ရရှိကြပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁.၅ | သင့် | ရ | ၁.၅ |
| ယာမြေ /တောင်ယာ | ၁၂.၅ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၃၀၄.၃ | ကောင်း | မရ | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၃၁၈.၃** | | | ၁.၅ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးအဓိကလုပ်ကိုင်ကြပြီး ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ ၃၁၈.၃ဧကရှိပြီး မြေနုကိုင်းကျွန်းမြေဖြစ်သောကြောင့် မြေဆီလွှာကောင်းမွန်ပါသည်။ ကိုင်း၊ ကျွန်းမြေအများဆုံးပိုင်ဆိုင်ကြပြီး အဓိကထားလုပ်ကိုင်ကြပါသည်။ ကိုင်းမြေများကို နွေရာသီတါင် မြေအောက်ရေတင်စနစ်ဖြင့် နွေနှမ်း၊ ပဲတီစိမ်းများကို လုပ်ကိုင်ကြပါသည်။ အချို့တောင်သူများမှာ ဝေးလံသောနေရာများမှ ဝမ်းစာရရှိရေးလယ်အနည်းငယ် လုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ တောင်သူများ မီးဖိုချောင်စရိတ်ကာမိရန် အိမ်ခြံဝင်းအတွင်း စားပင်သီးပင် များအနည်းငယ်စိုက်ပျိုးကြပါသည်။ မိုးဦးကာလတွင် ယာမြေများလုပ်ကိုင်ကြပါသည်။ အပူပိုင်းဒေသဖြစ်သောကြောင့် မြေဆီလွှာညံ့၍ သီးနှံဖြစ်ထွန်းမှုနည်းပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| အခြား ရင်းမြစ်များ | သင့် | လွယ် |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |
| | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် မြေနုကိုင်းကျွန်းများရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်စားသောက်ကြပါသည်။ ကျေးရွာ၏ယာမြေများမှ ရေနံနှင့်သဘာဝဓါတ်ငွေ့များထွက်ရှိ၍ နိုင်ငံတော်မှ တူးဖော်ထုတ်ယူ၍ နိုင်ငံတော်ဝင်ငွေများ ရရှိပါသည်။ ကျေးရွာအနေဖြင့် လက်လှမ်းမီမှုမရှိပါ။ ကျေးရွာသည် ဧရာဝတီမြစ်နှင့် နီးသောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သဲ၊ ကျောက်များကို လွယ်ကူစွာရရှိပါသည်။ ကျေးရွာသည် မြေလတ်ပိုင်းတွင်တည်ရှိပြီး တိရိစ္ဆာန်မျိုးစေ့များနှင့် အပင်မျိုးစေ့များမရှိသလောက်ရှားပါး၍ စိုက်ပျိုးသီးနှံများမှာ နွားစာလောက်သာရရှိနိုင်ပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ | ၆ | ၃ | ၁ |
| အိမ်အခြေအနေ | သွပ်မိုး၂ထပ်အိမ် | သွပ်မိုးထရံကာ | သွပ်မိုးမြေစိုက် | မြေစိုက်၃ပင် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ရေစုပ်စက်၊ လက်တွန်းထွန်စက်၊နွားလှည်း | ရေစုပ်စက်၊ နွားလှည်း | မြက်ရိတ်စက် | ပေါက်တူး၊ တူရွင်းပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | တီဗွီ၊ ဖုန်း၊ ကား၊ ဆိုင်ကယ်၊ စက်ဘီး၊စလောင်း | တီဗွီ၊ ဆိုင်ကယ်၊ စက်ဘီး၊ ဖုန်း | ဖုန်း၊ စက်ဘီး၊ ဆိုင်ကယ် | စက်ဘီး၊ ဆိုင်ကယ် |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ/ဝန်ထမ်း | တောင်သူ/ ဝန်ထမ်း | ကူလီ | ကျပန်း |
| အခြားပိုင်ဆိုင်မှု | | | | - |
| အိမ်ထောင်စု - | ၁၃ (၆%) | ၂၈ (၁၃%) | ၅၀ (၂၃.၀၄%) | ၁၂၆ (၅၈.၀၆%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၃၁၇)စု၊ စိုက်ပျိုးရေးတွင် အဓိကထားလုပ်ကိုင်သော်လည်း အဆင်ပြေသောအိမ်ထောင်စု၆ရာခိုင်နှုန်းနှင့် အလယ်အလတ်အိမ်ထောင်စု မှာ၁၃ရာခိုင်နှုန်း၊ ဆင်းရဲသောအိမ်ထောင်စု ၂၃.၀၄ရာခိုင်နှုန်းနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု ၅၈.၀၆ရာခိုင်နှုန်းရှိပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနေ အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၄ | ၈ | လုပ်အားခကြိုတင်ထုတ်ယူသုံးစွဲခြင်း |
| ၃ လနှင့် ၆ လအောက် | ၁၂ | ၂၃.၀၈ | ချေးယူစားသုံးခြင်း |
| ၆ လ မှ ၁၂ လ အထိ | ၃၆ | ၆၉.၂၃ | ငွေတိုးချေးသူထံမှ ချေးယူစားသုံးခြင်း |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၂၁၇)စု ရှိပါသည်။ အများစု မှာ အလွန်ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြပြီး အနည်းငယ်ဆင်းရဲသောအိမ်ထောင်စုများမှာ စားဝတ်နေရေးမပြေလည်၍ ငွေကြေးချေးငှားခြင်းဖြင့် စားဝတ်နေရေးတို့ ဖြေရှင်းလုပ်ကိုင်စား သောက်ကြပါသည်။ စားဝတ်နေရေးအဆင်မပြေ၍ အငှားလုပ်ကိုင်စားရသောကြောင့် လုပ်ငန်းခွင် တွင် နစ်နာမှုအများဆုံးကြုံတွေ့ကြရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၆ | ၄ | ၁၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၂ | ၁ | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | မရှိ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | မရှိ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | မရှိ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၀)နှစ်အထက်မှာ ကျား(၆)ဦး၊ မ(၄)ဦးရှိပါသည်။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် ကျား(၂)ဦး၊ မ(၁)ဦးရှိပါသည်။ ကျေးရွာမှ အိမ်နီးချင်းများနှင့် မွေးချင်းများ က ကူညီစောင့်ရှောက်ပေးကြပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | စိုက်ပျိုးသီးနှံဈေးကွက်မကောင်းခြင်း |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | မိုးရေကိုသာအဓိကအားထားနေရခြင်း |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | လတ် | စိုက်ပျိုးချိန်နောက်ကျခြင်း |
| ၅ | အအေးလွန်ကဲခြင်း | လတ် | တစ်ခါတစ်ရံကျရောက်တတ်ခြင်း |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | ငလျင် | လတ် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | | |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၃ | တီဘီရောဂါ | လတ် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | မိုးဦးကျချိန်တွင်သာဖြစ်ပွားခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | |
| ၁၉ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည် မြေနုကျွန်းပေါ်မြေနုများသို့ အများဆုံး လုပ်ကိုင်စားသောက်ကြပါသည်။ ဧရာဝတီမြစ်ရေ ရေကြီး၊ရေလျှံဖြစ်မှုကြောင့် ထမ်းပိုးများပြိုပျက်၍ ကိုင်းကျွန်းမြေများနှစ်စဉ်ပြိုကျမှုများရင်ဆိုင်ရပါသည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မြေဆီလွှာ များပျက်စီးခြင်း၊ ပိုးမွှားများကျရောက်ခြင်းကြုံတွေ့နေရပါသည်။အပူပိုင်းဒေသဖြစ်၍ မိုးအနဲငယ် သာရရှိသောကြောင့် စိုက်ပျိုးမှုအခက်အခဲကိုကြုံတွေ့နေရပါသည်။ ကျန်းမာရေးမှာလဲ အခက်ခဲ ကြုံတွေ့ရသောလည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် မြို့ပေါ်ရှိ ဆေးရုံဆေးခန်း သို့ သွားရောက်ကုသနိုင်ပါသည်။ အခြားဆိုးရွားသော ရောဂါများမရှိပါ။ ကျွဲနွားများရောဂါ ကျရောက်သည့်အခါတွင် မြို့နယ်တိ/မွေးကုနှင့်ချိတ်ဆက်၍ ကုသနိုင်ပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | ဗဟုသုတကြွယ်ဝခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | အလုပ်ပုံမှန်မရှိခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ဝင်ငွေနည်းပါးခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | မရှိ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်ပုံမှန်မရှိခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | လတ် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | မရှိ |
| ၂၀ | ကားသမား | မြင့် | မတော်တဆဖြစ်နိုင်ချေများခြင်း |
| ၂၁ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာ၏ စိုက်ပျိုးလုပ်ကိုင်သူများတိုင်း ကျွန်းကိုသာ အားထား၍ လုပ်ကိုင်နေရသောကြောင့် ရွာနှင့်၄မိုင်လောက်ဝေးသော ဧရာဝတီမြစ်ကမ်းကျော်၍ စက်လှေဖြင့်သွားရောက်ကာ ကျွန်းမြေကို လုပ်ကိုင်စားသောက်နေထိုင်ကြပါသည်။ တစ်ချို့တောင်သူ

များမှာ နံနက်သွားညပြန်ကြပါသည်။ ကျွန်းပေါ်နေထိုင်လုပ်ကိုင်သူတို့မှာ စနပ်ရိက္ခာစုံလင်စွာဝယ် ခြမ်းသွားရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ကျောင်းကော်မတီ | ၂ | ၄ | ၃ | ၇ | ပညာဖွံ့ဖြိုးရေး | ၄ | ၇ |
| ၂ | ဖွံ့ဖြိုးရေးကော်မတီ | ၂ | ၄ | | ၄ | ကျေးရွာဖွံ့ဖြိုးရေး | ၄ | ၆ |
| ၃ | ဝတ်အသင်း | ၃ | | ၁၅ | ၁၅ | ဘာသာရေး | ၄ | ၇ |
| ၄ | အရံမီးသတ် | ၂ | ၁၁ | | ၁၁ | မီးဘေးလုံခြုံရေး | ၄ | ၇ |
| ၅ | မိခင်နှင့်ကလေး | ၁ | | ၄ | ၄ | ကျေးရွာဖွံ့ဖြိုးရေး | ၄ | ၆ |
| ၆ | အမျိုးသမီးရေးရာ | ၂ | | ၃ | ၃ | အသိပညာ | ၅ | ၇ |
| ၇ | ဂေါပကအဖွဲ့ | ၃ | ၅ | | ၅ | ဘာသာရေး | ၄ | ၆ |
| ၈ | ပက်မြန်မာ | ၁ | | ၈၆ | ၈၆ | အသေးစားငွေစု ငွေချေး | ၅ | ၇ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညှံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအခြေပြုသည့် (၈)ဖွဲ့ဖြင့် ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဘာသာရေးဖွံ့ဖြိုးရေးအဖွဲ့များ၊ ပညာရေး အထောက်အကူပြုကော်မတီများ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ညီညီညွတ်ညွတ် လုပ်ဆောင်ကြပါသည်။ ဂေါပကအဖွဲ့များကလည်း ဘာသာရေးလုပ်ငန်းများ တာဝန် ကျေပွန်စွာ ဆောင်ရွက်ကြပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact-Myanmar | ၇ | ငွေစုငွေချေးလုပ်ငန်း |
| ၂ | CSR(ဒေသဖွံ့ဖြိုးရေး) | ၇ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များ ပေးခြင်း |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် လာရောက်ထောက်ပံ့သော အဖွဲ့ (၂)ဖွဲ့ရှိပါသည်။ ကျေးရွာလူထု၏စီးပွားရေးအထောက်ပံ့ဖြစ်စေရန် ဆောင်ရွက်ပေးသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်း Pact-Myanmarနှင့် ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်သော CSR (ဒေသဖွံ့ဖြိုးရေး)အဖွဲ့အစည်းများ၏ အထောက်အပံ့များကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရှိပါသည်။

### (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၇၄ | ၈၀.၁၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၄၀ | ၁၈.၄၃ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃ | ၁.၃၈ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၁၇** | **၁၀၀** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၁၇)စုရှိ သည့်အနက် ဆင်းရဲသား တောင်သူ(၁၇၄)အိမ်ထောင်စု၊ တောင်သူငယ်(၄၀)အိမ်ထောင်စု ၊ အလယ်အလတ်စား တောင်သူ (၃)အိမ်ထောင်စုရှိပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိကိ | ၁၇ | ရာသီအလိုက် | ရှိ |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် မြေနုကျွန်းပေါ်ကိုင်းများကိုသာ အဓိက ထားလုပ်ကိုင်ကြရသောကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေဧရိယာအနည်းငယ်မျှသာရှိပါသည်။

ကိုင်းကျွန်းမြေများတွင် နွေရာသီစိုက်ပျိုးသည့်အချိန်မှသာ အများဆုံးလိုအပ်ပြီး မြေအောက် အဝီစိတွင်းမှ ရေရရှိပါသည်. ဧရာဝတီမြစ်နှင့် မန်းချောင်းရေတင်စနစ်ဖြင် ပဲတီစိမ်းများ ရေတင်စိုက်ပျိုးကြပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| မြေပဲ | ၁၀၈ | တင်း | ၁၅ | ၃၀ | ၂၃ | နိုဝင်ဘာ | ဖေဖော်ဝါရီ | လတ် | လတ် | - |
| ကုလားပဲ | ၅၆.၃ | တင်း | ၁၅ | ၂၀ | ၁၇ | အောက်တိုဘာ | ဇွန် | လတ် | လတ် | |
| နေကြာ | ၁၀၂ | တင်း | ၁၉ | ၃၀ | ၂၅ | သြဂုတ် | ဒီဇင်ဘာ | လတ် | | |
| ငရုပ် | ၅၂ | ပိဿာ | ၁၅၀ | ၃၀၀ | ၂၂၅ | အောက်တိုဘာ | ဇန်နဝါရီ | လတ် | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဒေသရှိ ကိုင်းကျွန်းစိုက်ပျိုးမြေများတွင် ဆောင်းသီးနှံဖြစ်သော မြေပဲ၊ ကုလားပဲ၊ နေကြာ၊ ငရုပ် များကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အနက် နေကြာနှင့် မြေပဲကို ပိုမိုစိုက်ပျိုးကြပါသည်။ မြေပဲသည် ထွက်နှုန်းရာသီဥတုနှင့် မြေအနေအထားကိုက်ညီမှုရှိပြီး ဈေးနှုန်းရရှိသောကြောင့် စိုက်ပျိုးကြပါသည်။ နေကြာသည်လည်း အထွက်နှုန်းကောင်းပြီး (၄)ကြိမ်ဖြစ်ထွန်းသဖြင့် တောင်သူများစိုက်ပျိုးကြပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | ၃ | | | | | ၃၅ | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | | | | | | | |
| ရေစုပ်စက် | ၃ | | | | | ၁၀၅ | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၈ | | | | | ၉၀ | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် တောင်သူကြီးအနည်းငယ်သာရှိပြီး စိုက်ပျိုးမြေဧကနည်းပါးသောကြောင့်လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက် နှင့် ရေစုပ်စက်လောက်သာရှိကြပါသည်။ စိုက်ပျိုးမြေများသည် တပိုင်တနိုင်ဖြစ်သောကြောင့် ကိုယ်ပိုင်ကျွဲနွားများဖြင့် လုပ်ကိုင်စိုက်ပျိုးကြပါသည်။ မျက်ရိတ်စက်အနည်းငယ်ရှိ၍ ကျန်တောင်သူများမှာ ငှားရမ်းလုပ်ကိုင်ရသောကြောင့် ကုန်ကျစရိတ်ကြီးမြင့်၍ အမြတ်နည်းပါးကြပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | ကမ်းပါးပြို ရေတိုက်စားမှုကြောင့် စိုက်ပျိုးမြေလျော့နည်းလာပါသည်။ |
| ရေရင်းမြစ် | အဝီစိတွင်းများမှ ရေရရှိပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေးသဘာဝဓါတ်မြေသြဇာရရှိပါသည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | မင်းဘူးမြို့ရှိ စိုက်ပျိုးရေးဆေးဆိုင်များတွင်း ဝယ်ယူနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်၊ဘဏ်၊ သမဝါ ယမ၊ Pact-myanmar၊ ပုဂ္ဂလိကငွေချေးသူများရှိသည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | ကိုယ်ပိုင်နည်းပညာဖြင့်သာပြုလုပ်ရပါသည်။ |
| သွင်းအားစုဈေးကွက် | ဆေးကုမ္ပဏီ၊ ဆေးဆိုင်များရှိ၍ အလွယ်တကူဝယ်ယူရရှိနိုင်သည် |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မင်းဘူးမြို့တွင် အလွယ်တကူ ရောင်းဝယ်နိုင်သည် |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ကိုင်းကျွန်းမြေများသည် မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်ကြသည်။ စိုက်ပျိုးရာတွင်လိုအပ်သော ရေကို အဝီစိတွင်းနှင့် ဧရာဝတီမြစ်မှ မြစ်ရေတင်ခြင်းဖြင့် ရရှိပါသည်။ လိုအပ်သောသွင်းအားစုများကို ဆေးကုမ္ပဏီ၊ ဆေးဆိုင်များမှ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ စိုက်ဘဏ်၊ သမဝါ ယမ၊ Pact-Myanmar နှင့်ပုဂ္ဂလိကငွေချေးသူများ ရှိ သဖြင့် ငွေကြေးမလုံလောက်လျှင် အလွယ်တကူချေးယူရရှိနိုင်ပါသည်။ ထွက်ကုန်များကို မင်းဘူး မြို့၊ စကုမြို့ရှိ ဈေးကြီးများတွင် ရောင်းချနိုင်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | စိုက်ပျိုးမြေတိုးချဲ့နိုင်ခြင်းမရှိပါ။ ကမ်းပါးပြိုခြင်းကြောင့်ဖြစ်ပါသည်။ |
| မြေဆီသြဇာ အခြေအနေ | နည်းပါးသည် |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ပက်မြန်မာအသင်းမှ အနည်းငယ်ရရှိပါသည်။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စိုက်ပျိုးရေးအချိန်မီနိုင်ရန်လယ်ယာသုံးစက်ကိရိယာများသုံး၍ စိုက်ပျိုးချိန်နောက်ကျခြင်းမရှိပါ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်သားများရှားပါး၍ ပြင်ပလူများငှားရမ်းလုပ်ကိုင်ရပါသည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ဧရာဝတီမြစ်နှင့် မန်းချောင်းရေတို့ ရရှိပါသည်။ |
| စိုက်ပျိုးရေ မလုံလောက်မှု | စိုက်ပျိုးရေမလုံလောက်၍ မြစ်ရေတင်ခြင်းဖြင့် သုံးစွဲရသည် |
| ဖျက်ပိုးနှင့် ရောဂါ | ပိုးမွှားကာကွယ်ရေးအဖွဲ့နှင့် ဆေးကုမ္ပဏီတို့ခေါ်ယူပြသဆောင်ရွက်ရန် |
| ဈေးကွက် လက်လှမ်းမီမှု | ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ချိတ်ဆက်ရန် |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | အသိပညာရှင်၊ အတတ်ပညာရှင်များခေါ်ယူ၍ နည်းပညာသင်ကြားပေးသော ပညာရှင်ခေါ်ယူချိတ်ဆက်ရန် |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဧရာဝတီမြစ်ရေတိုး၍ ပေါ်ထွန်းလာသော ကိုင်းမြေ၊ ကျွန်းမြေများကို အဓိကမှီခိုလုပ်ကိုင်နေကြ၍ ကမ်းပါးများပြိုပျက်ပြီးမြေများတည်မြဲမှုမရှိပါ။ သီးနှံဖျက်ပိုးများ ကျရောက်လာပါက မြို့နယ်ပိုးမွှားစစ်ဆေးရေးအဖွဲ့နှင့် ဆေးကုမ္ပဏီများကို ခေါ်ယူချိတ်ဆက်ရန်

မိမိတို့ ထုတ်လုပ်သော သီးနှံများ ဈေးကွက်ကောင်းမွန်စွာရရှိရေးအတွက် ပထမဦးစွာ မိမိဘက်မှ နိုင်ငံတကာမှ လိုအပ်သော သီးနှံအဆင့်ကို ထုတ်လုပ်ပေးနိုင်အောင် ကြိုးစားပြီး ယင်းထွက်ရှိလာသော သီးနှံအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့နှင့်ချိတ်ဆက်ပေးရန် မိမိတို့စိုက်ပျိုးထားသော သီးနှံများ ထွက်နှုန်းကောင်းမွန်လာစေရန် မျိုးကောင်းမျိုးသန့်ရှာဖွေစိုက်ပျိုးရန်နှင့် စိုက်ပျိုးရေးကျွမ်းကျင် ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **အိမ်ထောင်စု** | **ကောင်ရေ** | **မှတ်ချက်/အခြေအနေ** |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၆၆ | ၉၀ | |
| နို့စားနွား | | | |
| မြင်း | | | |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | ၁ | ၁၇ | |
| သိုး | | | |
| ဝက် | ၄ | ၆ | |
| ကြက် | ၁၃၁ | ၈၇၂ | |
| ဘဲ | | | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၁၇)စု ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ခိုင်းနွားကောင်(၉၀)ကောင်၊ ဆိတ်(၁၇)ကောင်၊ ဝက်(၆)ကောင်၊ ကြက်(၈၇၂)ကောင်မွေးမြူကြပါသည်။

### (၂.၂.၂.၂)  မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၈) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | မရှိပါ |
| ရေရရှိမှု | မြစ်ရေနှင့် မန်းရေမှ ရရှိပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မြို့နှင့်မကွာဝေးသောကြောင့် စိုက်ပျိုးရေးမွေးမြူရေးလွယ်ကူပါသည်။ |
| ချေးငွေ | ပက်မြန်မာမှ ရရှိပါသည်။ |
| သွင်းအားစု ဈေးကွက် | မရှိပါ |
| ဝန်ဆောင်မှု ဈေးကွက် | မရှိပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | ခက်ခဲခြင်းမရှိ၊ လွယ်ကူစွာရောင်းနိုင်ပါသည်။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မရှိပါ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန် ရောင်းဝယ်မှု | ဈေးကွက်မမှန်၊ သီးနှံအတွက် ရောင်းဝယ်မှုမလွယ်ပါ |
| အခြား | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။**  ။ ကျွန်တော်တို့ ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းများတိုးတက်စေရန်အတွက် မိမိတို့မွေးမြူသော တိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိရစ္ဆာန်ဆေးကုသရေး ဆရာဝန်များနှင့်မွေးမြူရေးရှင်များ ဆွေးနွေးတိုင်ပင်နိုင်ရန်စီစဉ်ပေးရန်လိုအပ်ပါသည်။ မွေးမြူရေး ပိုင်ရှင်များအား ကျန်းမာရေးအသိရှိအောင် မိမိတို့အနေနှင့် ဆွေးနွေးပေးခြင်းပညာရှင်များနှင့် ချိတ်ဆက်ပေးခြင်းကို ဆောင်ရွက်ရမည်။

### (၂.၂.၂.၃)  မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | လုံလောက်စွာချေးငှားသောအဖွဲ့မရှိ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ခွာနာလျှာနာ၊ လက်ပုတ်ပေါင်ပုတ်၊ သရက်ရွက်ကြီး၊ |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| | ကြက်နာရောဂါ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | လက်လှမ်းမီသော်လည်း နည်းပညာရခြင်းမရှိ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ဈေးကွေ ရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မွေးမြူရေးကဏ္ဍအခက်အခဲမှာ ငွေကြေးလုံလောက်မှုရင်းနှီးမြှုပ်နှံရန်လိုအပ်ပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာ အဓိက ငွေကြေးလိုအပ်ပါသည်။ လူလုပ်အားတို့ နှစ်ချက်ပြည့်စုံပါက စီးပွားဖြစ်မွေးမြူရေး အောင်မြင်မည်ဖြစ်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | ၁၂ | ၁၂ | | လတ် |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | ၅ | ၅ | | နိမ့် |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁၆ | ၁၂ | ၄ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁၃ | ၁၂ | ၁ | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ | ၁၆ | ၁၅ | ၁ | နိမ့် |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၆၉ | ၆၆ | ၃ | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | ၃ | ၃ | | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | ၁ | ၁ | | လတ် |
| ၁၄ | ကျန်းမာရေး | ၁ | ၁ | | လတ် |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ | ၂၃ | ၂၃ | | လတ် |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | ၅၄ | ၅၄ | | လတ် |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့် ရေနံတူးဖော်ရေးတွင် လုပ်ကိုင်သူ(၁၂၁)ဦး၊ ကျေးရွာရေပေးရေးတွင် လုပ်ကိုင်သူ(၅)ဦး၊ ဆောက်လုပ်ရေးလက်သမား၊ ပန်းရံလုပ်ငန်းတွင် လုပ်ကိုင်သူ(၁၆)ဦး၊ စက်ကိရိယာပြင်ဆင်သူ(၁၃)ဦး၊ ဆံပင်ညှပ်နှင့်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ(၁၆)ဦး၊

ကိုယ်ပိုင်ဈေးရောင်းနှင့် အငှားဈေးရောင်းသူ(၆၉)ဦး၊ ကားမောင်းလုပ်ငန်းအငှားလုပ်ကိုင်သူ (၃)ဦး၊ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်း(၂)ဦး၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်သူ(၂၃)ဦးနှင့် ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်သူ(၅၄)ဦးတို့ရှိပါသည်။ ကျွန်တော်တို့ကျေးရွာသည် မင်းဘူးမြို့တွင် အလုပ်များသွားရောက်လုပ်ကိုင်နိုင်သော်လည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းအတတ်ပညာတတ် မြောက်မှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မန်းရေနံမြေ | အစိုးရဝန်ထမ်းများ၊ အခြေခံအလုပ်လျှောက်ထားခြင်း |
| MPRLကုမ္ပဏီ | ရေနံကုမ္ပဏီများတွင် ဝန်ထမ်းလျှောက်ထားခြင်း |
| စတိုးဆိုင် | မင်းဘူးမြို့ရှိ စတိုးဆိုင်များတွင် အငှားဝန်ထမ်းလျှောက်ထားနိုင်ခြင်း |
| ဆောက်လုပ်ရေးလုပ်ငန်း | ပန်းရံ၊ လက်သမားလုပ်ငန်းများတွင် အငှားလိုက်ခြင်း |
| တောင်သူ | လယ်ယာလုပ်ငန်းများတွင် အငှားလိုက်ခြင်း |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင်းရှိ အိမ်ထောင်စုဝင်များသည် မိမိတို့၏ မိသားစုစားဝတ်နေရေးအဆင်ပြေရန်အတွက် ရေနံမြေနှင့် MPRLကုမ္ပဏီသို့ငှင်း အခြားဝန်ကြီး ဌာနများသို့ မိမိနှင့်သင့်လျော်သော လုပ်ငန်းများအား လျှောက်ထားနိုင်ခြင်း၊ မြို့ထဲသို့ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏စတိုးဆိုင်ကြီးများသို့ အလုပ်လျှောက်ထားနိုင်ခြင်း၊ ပညာနည်းသူများအနေဖြင့် အဆောက်အအုံနှင့်ပတ်သက်သော လက်သမား၊ ပန်းရံ၊ သံချည်သံကွေးအလုပ်လျှောက်ထားနိုင်ခြင်း တောင်သူလယ်သမားများ၏ လိုအပ်သော အထွေထွေလုပ်ငန်းများဆောင်ရွက်နိုင်ခြင်းကြောင့် မိမိ တို့၏ မိသားစုစားဝတ်နေရေးဖြေရှင်းနိုင်ပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပညာအရည်အချင်းနည်းပါးခြင်း | ငွေကြေးမပြည့်စုံ၍ ပညာသင်ယူခြင်းနည်းပါး |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပုံမှန်အလုပ်မရှိခြင်း | စိုက်ပျိုးရာသီ၌သာ ပုံမှန်အလုပ်ရှိခြင်း၊ |
| သက်မွေးပညာနည်းပါးခြင်း | ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ချိတ်ဆက်မှု အားနည်းခြင်း |
| | |
| | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ပညာအရည်အချင်းနှင့် နည်းပညာနည်းပါးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမမီ၍ ကျွမ်းကျင်မှု အားနည်းခြင်းကြောင့် ပုံမှန်အလုပ်အကိုင်မရှိ ကြုံရာကျဘမ်းလုပ်ကိုင်ကြရပါသည်။ ကျေးရွာတွင် ပညာတတ်နည်းပါးပြီး သက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ချိတ်ဆက်မှု အားနည်းခြင်းတို့ကြောင့် စိုက်ပျိုးရေးရာသီချိန်၌သာ အလုပ်ရရှိပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၃၂ | ၃၂ | | ၃၂ | ၁၉ | | ၁၉ | ၁၃ | | ၁၃ |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | ၃၂ | | | | | | | | | |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | | | | | | | | | |
| | ၆ လ အထိ | | | | | | | | | | |
| | ၁၂ လ အထိ | | | | | | | | ၁၃ | | ၁၃ |
| | ၁၂ လ အထက် | | | | | ၁၉ | | ၁၉ | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သည့် အိမ်ထောင်စု(၃၂)စုရှိပါသည်။ အလုပ်အကိုင်ရှားပါးခြင်း လုပ်အားခဝင်ငွေနည်းပါးခြင်းတို့ကြောင့် ရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၃၂ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်းမှာ ပိုမိုကောင်းမွန်သော အလုပ်နှင့်ဝင်ငွေကောင်းစွာ ရရှိရန်အတွက် ပြောင်းရွှေ့လုပ်ကိုင်ကြပါသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၃၂ | ၁၀၀ | | လတ် | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | | | |
| | - ဘဏ် | | | | | |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | ၃၂ | ၁၀၀ | | | |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | | | |
| | -ငွေလွှဲလုပ်ငန်း၊လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |
| | - ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှာ မိသားစုထံသို့ ပြန်ပို့ငွေမှီခိုနေရသော အိမ်ထောင်စုများသည် ပြန်ပို့ငွေကို လူကြုံဖြင့် လွှဲပို့ကြပြီး (၃၂)အိမ်ထောင်စု ရှိပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | မင်းဘူး(၄)မိုင် | မကွေး(၁၀)မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ကား၊ မြင်းလှည်း၊ ဆိုင်ကယ်၊ သုံးဘီး | ကား၊ ဆိုင်ကယ်၊ သုံးဘီး |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | နေကြာ၊ ပဲ၊ မြေပဲ၊ နှမ်း၊ ဆန်၊ ဆီ၊ အဝတ် အထည် | ပဲ၊နှမ်း၊ဆန်၊ဆီ၊အဝတ်အထည် စားသောက်ကုန်၊ လူသုံးကုန် |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | သွပ်မိုး၊ တစ်ထပ်၊ အုတ်ခင်း | နှစ်ထပ်ဈေး၊ သွပ်မိုး၊ အုတ်ခင်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင်မြို့နှင့်(၄)မိုင်သာဝေးကွာသည့်အတွက် ကုန်စည်စီးဆင်းမှုနှင့် ဈေးကွက်များလက်လှမ်းမီမှုရှိပါသည်။ သယ်ယူပို့ဆောင်ရေးမှာလည်း ကား၊ မြင်းလှည်း၊ ဆိုင်ကယ်စသည့်ယဉ်များရှိသည့်အတွက် သယ်ယူပို့ဆောင်ရန် လွယ်ကူပါသည်။ ကုန်သည်များ၏ ဈေးကွက်ကာစား ခြင်းခံရသဖြင့် ရောင်းကုန်များ ဈေးကျပြီး ရင်းနှီးမှုမြင့်မားခြင်းကို တွေ့ရှိရပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | | | | | |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ ငွေချေးအစီအစဉ် | ချေးငွေ | ၁၄ရက် တစ်ကြိမ် | ပြား၆၀ | မရှိ | အသင်းဝင်ဖြစ်ရမည် |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့် ဆွေမျိုးများ | | | | | |
| အခြား | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် လိုအပ်သည့် စိုက်ပျိုးစရိတ်ချေးငွေကို အစိုးရဘဏ်မှ ငွေထုတ်ချေးခြင်းမရှိတော့ပါ။ ချေးငွေအနည်းငယ်ကို ပက်မြိန်မာ မှ ထုတ်ချေးပေးပါသည်။ ချေးငွေလုံလောက်မှုမရှိသောကြောင့် ပြင်ပမှ ချေးယူသုံးစွဲရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် | ရေနံမြေဓါတုပစ္စည်းသုံးစွဲခြင်းအပေါ် မြေလွှာပျက်စီး |
| အပင်မျိုးစိတ်များ | နိမ့် | အပူချိန်များသောကြောင့် |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် | နည်းပညာလုံလောက်မှုမရှိခြင်း |
| ရေရင်းမြစ် | နိမ့် | မရှိပါ |
| ငါးမျိုးကွဲများ | နိမ့် | မရှိပါ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | စနစ်တကျစွန့်ပစ်ခြင်းမရှိခြင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မြေနုကျွန်းမြေများတွင် မြစ်ကမ်းပါးများ ပြိုပျက်၍ ကိုင်းမြေများဆုံးရှုံးခြင်း၊ မန်းရေနံနှင့် ထိစပ်ကျေးရွာများဖြစ်သောကြောင့် ရေနံနှင့် ဓာတုစွန့်ပစ်ပစ္စည်းများကြောင့် မြေဆီလွှာနှင့် အပင်မျိုးများ ပျက်စီးရပါသည်။ စိုက်ပျိုးသီးနှံများသည် ဓာတုဆေးများဖြင့်ပက်ဖြန်းရပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၁၅ | ၁၆ | ၃၁ | ၅.၁၃ |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၁ | ၈ | ၁၉ | ၃.၁၅ |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၉၆ | ၁၁၈ | ၂၁၄ | ၃၅.၄၃ |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၂၄ | ၁၃၆ | ၂၆၀ | ၄၃.၀၅ |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၃ | ၂၇ | ၆၀ | ၁၀ |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၉ | ၂ | ၁၁ | ၁.၈၂ |

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၃ | ၆ | ၉ | ၁.၅ |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၂၉၁** | **၃၁၃** | **၆၀၄** | **၁၀၀** |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၂၁၇)ဦးရှိသည့်အနက် ပညာသင်ကြားမှု၊ စာတတ်မြောက်မှုအားနည်း၍ လူအများစုမှာ မူလတန်းအဆင့်သာ ပိုများကြပါသည်။ အလယ်တန်း၊ အထက်တန်း၊ ဘွဲ့ရနည်းပါးပါသည်။ စာပေမတတ်မြောက်သူ အနည်းငယ်သာရှိပါသည်။

## (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၄၅ | ၃၉ | ၈၄ | ၇၃.၀၄ |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၀ | ၁၆ | ၂၆ | ၂၂.၆၁ |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | | ၂ | ၂ | ၁.၇၄ |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၂ | ၁ | ၃ | ၂.၆၁ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မူလတန်းကျောင်းသား(၈၄)ဦး၊ အလယ်တန်းကျောင်းသား(၂၆)ဦး၊ အထက်တန်းကျောင်းသား(၂)ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ (၃)ဦးရှိသည့်အတွက် အနာဂတ်အတွက် ပညာတတ်များပေါ်ထွန်းလာပြီး နိုင်ငံနှင့်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဆောင်ရွက်နိုင်မည့်သူများအဖြစ် မျိုးဆက်လူငယ်များအဖြစ် မျှော်လင့်နိုင်ပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း(ခွဲ) |
|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ရွာတွင်း | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၆၀ ' x၃၀ ' x၂၅ ' | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | အုတ်၊ သွပ်၊ ကွန်ကရစ် | |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ပြည့်စုံမှုမရှိပါ<br><br>ကောင်းပါသည်။ | |

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း(ခွဲ) | | |
|---|---|---|---|---|---|---|
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | နွားနို့၊ ဆန်ပြုတ်၊ မုန့်ကော်ဖီ၊ မုန့်ဟင်းခါး<br>တစ်နှစ်(၁၇)ကြိမ် | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၄ | ၅ | | | |
| ကျေးရွာခန့် | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာရှိ ပညာသင်ကြားရေးတွင် ညံ့၍ ကျောင်းအုပ်ချုပ်မှု လျော့ရဲသည်များလည်း တွေ့ရှိရပါသည်။စာသင်ကျောင်းတွင် စာသင်ခုံများလုံလောက်မှုမရှိခြင်း၊ ကျောင်းသားအရေအတွက်နှင့်ဆရာ၊ဆရာမအင်အား မျှတမှုမရှိခြင်း၊ ကျောင်းသားမိဘနှင့် ဆရာ ပူးပေါင်းထိတွေ့မှုအားနည်းခြင်းတို့ကြောင့် ကျောင်းသားပညာရေး နိမ့်ကျသည်ကို တွေ့ရှိရပါ သည်။

## (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၄ |
| တပည့် - ဆရာ အချိုး | ကျောင်းသားနှင့်ဆရာ မျှတပါသည်။ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ပြည့်စုံမှုရှိပါသည်။ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မိဘဆရာအသင်းမှကူညီဖြေရှင်းပေးပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | မြို့နှင့်မဝေးသောကြောင့် လက်လှမ်းမီပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းဖွံ့ဖြိုးရေးအတွက် လိုအပ်သောအထောက်အကူပစ္စည်းများဖြည့်ပေးပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ဆရာ/ဆရာမဦးရေနှင့် ကျောင်းသားဦးရေ ညီမျှမှုရှိပါသည်။ ဆင်းရဲသော ကျောင်းသားများအတွက် မိဘဆရာအသင်းမှကူညီဖြေရှင်းပေးပါ သည်။ အားကစားပစ္စည်းများ လက်လှမ်းမီသော်လည်း အားကစားကွင်းမရှိသည့်အတွက် အဆင်ပြေမှု နည်းပါသည်။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | နိမ့် | | |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် | | | |
| ၃ | ငှက်ဖျား | | | မရှိ | |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | | | | - |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | နိမ့် | | - |
| ၆ | တီဘီ | | နိမ့် | | |
| ၇ | ဆီးချို | | နိမ့် | | |
| ၈ | သွေးတိုး | | နိမ့် | | |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | မရှိ | |
| ၁၀ | အာဟာရ ချို့တဲ့မှု | | | မရှိ | |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | | | | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေးကို အားထားလုပ်ကိုင်၍ နည်းပညာဖြန့်ဝေမှုမရရှိသောကြောင့် ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှု သင့်ရုံသာရှိပါသည်။ မိုးတွင်းအခါတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ အသဲရောင်အသားဝါရောဂါများလည်း ဖြစ်တတ်ပါသည်။ ရေမသန့်ရှင်း၍ ခြင်ကိုက်ခြင်းတို့ကြောင့်လဲဖြစ်တတ်ပါသည်။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | | ကျန်းမာရေးဦးစီးဌာနမှ အပတ်စဉ်ကာကွယ်ဆေးထိုး |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | | |
| ၃ | ပိုလီယိုရောဂါ | | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | | |
| ၅ | ဝက်သက်ရောဂါ | ✔ | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ရွာသားများအား မြို့နယ်ကျန်းမာရေးဦးစီးဌာန၏စီမံချက်ဖြင့် မေးခိုင်ကာကွယ်ဆေးကို ကလေးမိခင်ကိုယ်ဝန်ဆောင်များအား တစ်လတစ်ကြိမ် ဆေးထိုးခြင်းကို လုပ်ဆောင်ပေးပါသည်။ မွေးဖွားလာသော ကလေးငယ်များကိုလည်း ဝက်သက်ရောဂါနှင့် ကြက်ညှာရောဂါမဖြစ်ပွားရေးနှင့် ကလေးငယ်များအား တစ်လတစ်ကြိမ် အာဟာရဆေးများ တိုက်ကျွေးခြင်းကြောင့် ကလေးငယ်အသေအပျောက်နည်းပါးခြင်းကို တွေ့ရပါသည်။

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ၄မိုင် | မရှိ | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) –<br>ကြီးကြပ် (၂) –<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | မလုံလောက်မှု | |
| တိုက်နယ် ဆေးရုံ | မရှိ | မရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | လုံလောက်မှုမရှိ | |
| မြို့နယ် ဆေးရုံ | ၄မိုင် | ရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | လုံလောက်မှုရှိ | |
| ဆေးဆိုင် | ၄မိုင် | ရှိ | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု--<br>ဆေးဝါး-- | ရှိ ပြည့်စုံ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | | သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းမရှိပါ။ မင်းဘူးမြို့နှင့်(၄)မိုင်သာဝေးသောကြောင့် ကျန်းမာရေးအတွက် အသင့်တင့်ရှိပါသည်။ ကျေးရွာ အုပ်စုကျန်းမာရေးဌာနမှ ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးကို မန်းရေနံမြေ CSRဌာနမှ အုပ်စုအလိုက် ရွာ(၈)ရွာသုံးနိုင်ရန်ထောက်ပံ့ထားပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁ | ကောင်း | ✔ | ✔ | ✔ | |
| အဝီစိတွင်း/စက်တပ် | | | | | | |
| အဝီစိတွင်း/တုံကင် | ၃၈ | ကောင်း | ✔ | ✔ | ✔ | |
| မိုးရေသိုလှောင်ကန် | ၃၉ | ကောင်း | | ✔ | | |
| မြစ်/ချောင်း | | | | | | |
| ရေကန် | ၂၀ | ကောင်း | ✔ | ✔ | ✔ | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |
| အခြား | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အဝီစိတွင်းများတူးဖော်ရရှိသော်လည်း ရရှိသောရေများမှာ ဆားဓာတ်နှင့်ထုံးဓာတ်များပါရှိသောကြောင့် သောက်သုံး၍ မရှိနိုင်ပါ။ သို့ဖြစ်ပါ၍ မန်းရေနံမြေမှ ရေပိုက်လိုင်းရရှသောမန်းရေနှင့် မိုးတွင်းကာလမှ ရရှိသော မိုးရေကို သောက်သုံးရေအဖြစ် ရရှိနိုင်ပါသည်။

## (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၄၂ | အချို့အိမ်ထောင်စုသည် မိသားစု စုပေါင်းနေထိုင်ခြင်းဖြစ် |
| ကျင်းအိမ်သာ | | |
| မြေပေါ် အိမ်သာ | | |
| တောထိုင် | | |
| **စုစုပေါင်း** | **၂၃၁** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၂၁၇)စုရှိသည့်အနက် (၄၂)အိမ်ထောင်စုမှာ ယင်လုံအိမ်သာအသုံးပြုကြပါသည်။ ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးကို ကျေးရွာသူ/သားများမှ စုပေါင်းတစ်ပိုင်တစ်နိုင်လုပ်ဆောင်ကြပါသည်။ ချို့တဲ့သော အိမ်ထောင်စုများ အတွက် NGO အဖွဲ့အစည်းမှ ယင်လုံအိမ်သာများကို ထောက်ပံ့ကူညီထားပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | ✔ | | သာရေးနာရေးကိစ္စများ၊ ကျန်းမာရေး အဖွဲ့အစည်းတွင် ပါဝင်ဦးဆောင် |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | ✔ | | အမျိုးသားများနှင့်ပူးပေါင်း၍ ဖွံ့ဖြိုး ရေးလုပ်ငန်းများ ပါဝင်လုပ်ကိုင် |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | ✔ | တရားဥပဒေစိုးမိုးမှုနှင့် ကိုယ်ကျင့် သိက္ခာထိန်းသိမ်းသောကြောင့် |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | | ✔ | ဗဟုသုတနည်းပါးခြင်း၊ ဥပဒေဆိုင်ရာ ဟောပြောပွဲများ မရှိခြင်း |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာ၏ သာရေးနာရေးကိစ္စများကို အမျိုးသားများ သာမကအမျိုးသမီးများပါ ဦးဆောင်ပါဝင်လုပ်ကိုင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျောင်းကော်မတီ၊ ကျန်းမာရေး၊ ကျေးရွာမီးလင်းရေးကော်မတီများကို အမျိုးသားနှင့် အမျိုးသမီး များတက်ကြွစွာ ဦးဆောင်လုပ်ကိုင်ကြပါသည်။ မြို့နယ်နှင့် လက်လှမ်းမှီခြင်း၊ တရားဥပဒေ စိုးမိုးမှု

ရှိခြင်းကြောင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များ အကြမ်းဖက်မှုမရှိပါ။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ကောင်း | ၁၉၈၉ | | A | ၃၄၅၀ပေ |
| ချဉ်းကပ်လမ်း | ၁ | ကောင်း | ၁၉၉၉ | | A | ၁၄၅၀ပေ |
| ရွာချင်းဆက်လမ်း | ၁ | ကောင်း | ၁၉၉၉ | | | ၅၀၀ပေ |
| အခြား | | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် မင်းဘူး(စကု)လမ်းမကြီးနှင့် ၂မိုင်ခွဲသာဝေးသောရွာချင်းဆက်လမ်းရှိပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးသည် မြေနီကျောက်ခင်းလမ်းဖြစ်သောကြောင့် တစ်နှစ်ပတ်လုံးသုံးစွဲနိုင်ပါသည်။ ကျေးရွာအတွင်းရှိ လမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းကာလတွင် ရေတိုက်စားခြင်းကြောင့် ကျေးရွာသူ/သားများ အနေဖြင့် သွားလာရေးခက်ခဲမှုရှိပါသည်။ ကျေးရွာအဆောက်အဦးများသည် အများစုမှာသွပ်မိုး၊ ထရံကာ၊ သစ်ဝါးများဖြင့် ဆောက်လုပ်နေထိုင်းကြပါသည်။အနည်းငယ်မှာ သွပ်မိုးတိုက်အိမ်များ ဆောက်လုပ်နေထိုင်ကြပါသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | | | | | |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |
| အခြား | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ရွာတွင် ကုန်းပိုင်းမြေပြန့်တည်ရှိသောကြောင့် တံတား

တည်ရှိမှုမရှိပါ။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | ၂မိုင် | မော်တော် | A | |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေးတောင်သူများသည် ဧရာဝတီမြစ် အရှေ့ဘက်၂မိုင်ခန့်ဝေးသော မြေနုကျွန်းများသို့ မော်တော်လှေများဖြင့် ပွင့်လင်းရာသီတွင် စိုက်ပျိုးရေးများသွားရောက်လုပ်ကိုင်ကြပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၄ | ၇ | ၆၈ | ၁၃၀ | | ၁ | | ၃၈ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာမှ မြို့များသို့ ကျန်းမာရေးအရသော်လည်းကောင်း ကုန်စည်ကူးသန်းရာတွင်လည်းကောင်းသွားလာရန်အတွက် လုံလောက်သော ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ နွားလှည်းများရှိသဖြင့် အခက်အခဲမရှိပါ။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၈၄ | ကောင်း | မရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| ဇီဝလောင်စာ | | | |
| အခြား | ဘက်ထရီ | ကောင်း | မရှိ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လျှပ်စစ်မီးများမရှိသေးပါ။ ဆိုလာမီး နှင့် ဘက်ထရီကိုသာအသုံးပြုကြပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ကွန်ပြူတာ/လက်တော့ပ် | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၁၀၇ | ၃၅ | ၂၆ | ၃ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု(၂၁၇)စုရှိပါသည့်အနက် ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ဖုန်း(၁၀၇)လုံး၊ သတင်းအချက်အလက်သိစေရေးန် ရေဒီယို၊ တီဗွီ၊ စလောင်းများမှ အသိပညာဗဟုသုတနှင့်နည်းပညာများ လေ့လာတွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကိုလည်း အထောက်အကူပြုပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းထားခြင်း။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ဘာသာရေးပွဲတော်များ နှစ်စဉ်ကျင်းပပေးခြင်း။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အားကစားကွင်းမရှိ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်း |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ဘာသာရေးပွဲများတွင် ရိုးရာအကများ ထည့်ထားပေးခြင်း။ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | စာကြည့်တိုက်မရှိခြင်းအတွက် ဗဟုသုတနည်းပါး |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာရှိ လူငယ်များယဉ်ကျေးမှုနှင့်ဖွံ့ဖြိုးရေးတိုးတက် စေရန် ကျေးရွာလူမှုရေးနှင့်ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် လူကြီးများမှ

လက်တွဲခေါ်၍ လုပ်ကိုင်စေခြင်း၊ အားကစားပစ္စည်းများ လက်လှမ်းမီနိုင်သော်လည်း ကစားကွင်း မရှိခြင်း၊ နည်းပညာလက်လှမ်းမမီခြင်းကြောင့် အားကစားဘက်တွင် ဖွံ့ဖြိုးမှုနည်းပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ဖုန်း၊တီဗွီနှင့်ရေဒီယိုလိုင်းများကောင်းစွာမိပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | ကျေးရွာတွင် အာမခံလုပ်ငန်းလုပ်ကိုင်ထားသူမရှိပါ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မီးဘေးကာကွယ်ရေးလုပ်ငန်းများလုပ်ကိုင်သောအဖွဲ့များ ရှိပါသည်။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | မန်းရေနံမြေရဲစခန်းနှင့်နီးပါသည်။ |
| အခြား | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့စခန်းနှင့် ၁မိုင် ခန့်သာကွာ၍ အရေးအကြောင်း ကြုံတွေ့မည်ဆိုပါက အချိန်မီသတင်းပို့ခြင်း၊ လာရောက်ဖြေရှင်း ပေးခြင်းကြောင့် ကြီးမားသောပြဿနာမပေါ်ပေါက်နိုင်ပါ။ အချို့ကိစ္စများအား ကျေးရွာအုပ်ချုပ် ရေးအဖွဲ့နှင့်ကျေးရွာဆယ်အိမ်ခေါင်းများ၊ အရံမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခြင်း ကြောင့် ကျေးရွာတွင် ပြဿနာကြီးမားစွာမပေါ်ပေါက်သည်ကို တွေ့ရှိရပါသည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၂ | ၂ | ၂ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်/မတို့ ကျေးရွာတွင် ရဲစခန်းနှင့်မဝေးခြင်း၊ တရာဥပဒေ စိုးမိုးခြင်းရှိသည်ဖြစ်၍ မှုခင်းဖြစ်ပွားမှုနည်းပါးပါသည်။လူကုန်ကူးမှု၊ ဆေးသုံးစွဲမှု အကြမ်းဖက်မှု တို့မှာ မရှိသလောက်နည်းပါးပါသည်။ ခိုးမှုမှာလည်း သာမန်လောက်သာ ကြုံတွေ့ရတတ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အပြန်အလှန်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | • လူထုအခြေပြုအုပ်ချုပ်ရေးတွင် စနစ်တကျ စုဖွဲ့မှုဖြင့်ပါဝင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အလေ့အထနှင့် စွမ်းရည်မရှိခြင်း | • ခေါင်းဆောင်(သို့)တစ်ဦးတစ်ယောက်ကောင်း၏ အကြံဉာဏ်အဆုံးဖြတ်ကို သာလက်ခံ၍ ကစဉ့်ကလျားလိုက်နာရသည်ကို အကျင့်ပါနေခြင်း၊ လူကိုယ်တိုင်၊ ကိုယ်ပိုင် စွမ်းရည်ရှိကြသည်ကို သတိမမူခြင်း၊ လူငယ်များ စွမ်းရည်မြင့်မားစေသည့် အတုယူစရာလူမှုအခွင့်လမ်းနည်းပါးခြင်း | • လူထုစည်းရုံးရေးများပြုလုပ်၍ လူထု၏ လိုအပ်ချက်များ ဖော်ထုတ်ပြုလုပ်ခြင်း<br>• လူထုပူးပေါင်းပါဝင်မှု ပိုမို အားကောင်းလာခြင်း<br>• လူထုတွေအချင်းချင်း ပိုမိုချစ်ကြည်လာ၍ ပိုမိုရင်းနှီးလာခြင်း | • စားဝတ်နေရေး အခက်အခဲကြောင့် စိုးရိမ်သိမ်ငယ်စိတ်ရှိခြင်း<br>• လူထုဖွံ့ဖြိုးရေးနှင့် အစည်းအဝေးများအား စိတ်ဝင်စားမှု နည်းပါး၍ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း<br>• ဆက်သွယ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်မှုစွမ်းရည် စည်းရုံးမှုစွမ်းရည်တို့သည် စီမံအုပ်ချုပ်မှု စနစ် ၏ စိန်ခေါ်မှုများဟု မြင်ပါသည်။ | • လူထတိုင်းသဘောတူသောပြဿနာနှင့်အခက်အခဲတို့အတူတကွ လုပ်ဆောင်၍ တူညီချက်ရအောင် ရှာဖွေခြင်း၊ လူစွမ်းရည်နှင့် သဘောတရားအမြင်ကို ဖွင့်ဟပြောခြင်း<br>• ခေါင်းဆောင်မှဆုံးဖြတ်၍ ပေါင်းစပ်ညှိနှိုင်းမှု သတင်းအချက်အလက်ဖြန့်ဝေမှုနှင့် အချင်းချင်း ယုံကြည်မှုတည်ဆောက်ခြင်း<br>• လူထုအတွင်းရှိ အရင်းအမြစ်များ ဖော်ထုတ်၍ အသုံးချစီမံကိန်းများ ရေးဆွဲခြင်း | • ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြင့်အစီအစဉ် လုပ်ဆောင်ခြင်း<br>- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ စနစ်တကျဖွဲ့စည်းခြင်း<br>- ခေါင်းဆောင်မှု သင်တန်း<br>- စာရင်းကိုင်သင်တန်း<br>- ရပ်ရွာအခြေပြုဖွံ့ဖြိုးရေး သင်တန်းများစီမံ ဆောင်ရွက်ခြင်း |
| | • ကျေးရွာလူထုနှင့် ခေါင်းဆောင်များကြား ချိတ်ဆက်မှု အားနည်းခြင်း | | • လူထုနှင့်ခေါင်းဆောင်ကြား ချိတ်ဆက်မှု အားကောင်းလာမှ လူထုအတွင်းယုံကြည်မှု တည်ဆောက်ပြီး လူထုအကျိုးစီးပွားမြင့်တင်၍ဒီမိုကရေစီနည်းလမ်းကျသော ဆုံးဖြတ်ချက်များအား ချမှတ်နိုင်မည် | | | • |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **ကျန်းမာရေးကဏ္ဍ** | | | | | |
| | • ရာသီအလိုက်ရောဂါများဖြစ်ခြင်း | • အစားအသောက်များ ဓာတုစစ်ဆေးသော ဓါတ်ခွဲခန်းများမရှိခြင်း | • မြို့နယ်ကျန်းမာရေးဌာနနှင့် အမြန်ချိတ်ဆက်နိုင်ခြင်း | • ကျေးလက်ဆေးပေးခန်းနျင့် ကျန်းမာရေးမှူးများ၊ သူနာပြုဆရာမများမရှိခြင်း | • ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့များနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ကျေးလက်ဆေးပေးခန်းဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကူညီဖြေရှင်းပါမည် | • ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးပံ့ပိုးမှုများ ရရှိအောင် ဆောင်ရွက်ခြင်း<br>- ကျေးရွာဆေးပေးခန်း မြေနေရာစီစဉ်ပေးပြီး နိုင်ငံတော်မှ အဆောက်အဦးအကူအညီရအောင် ဆောင်ရွက်ခြင်း<br>- ကျေးလက်ကျန်းမာရေးဆိုင်ရာ အဆောက်အဦး၊ အသုံးအဆောင်နှင့် ဝန်ထမ်းများ ရရှိအောင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| | • ကျန်းမာရေးဆိုင်ရာအသိအားနည်းခြင်း | • ရာသီဉတုအပြောင်းအလဲမြန်မှုကြောင့် ရောဂါဖြစ်ပွားမှုကို အားပေးနေခြင်း<br>• တစ်ကိုယ်ရေသန့်ရှင်းရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအသိအမြင်နည်းပါးခြင်း<br>• အစာအာဟာရချို့တဲ့ခြင်း ကာကွယ်ဆေးမထိုးနှံခြင်းတို့သည်လည်း အနာရောဂါဖြစ်ပွားရခြင်း၏ အကြောင်းအရင်းဖြစ်ပါသည်။ | • အရေးပေါ်ကျန်းမာရေးအခြေအနေကို ထိန်းညှိပေးပြီးအရေးပေါ်လူနာတင်ယာဉ်ဖြင့် အချိန်မီပို့ဆောင်နိုင်ခြင်း<br>• လေကောင်းလေသန့်ရရှိ၍ သောက်သုံးရေလုံလောက်စွာ ရရှိခြင်း<br>• ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်ဆေးများလစဉ်ရရှိခြင်း<br>• ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ အခါအားလျော်စွာ ပြုလုပ်ပေးနိုင်ခြင်း | • MOGE, CSR မှ ထောက်ပံ့ပေးသော အရေးပေါ်လူနာတင်ယာဉ်ရှိသော်လည်း ကောင်းမွန်မှု နည်းပါးခြင်းကြောင့်နှောင့်နှေးကြန့်ကြာမှုရှိခြင်း<br>• ရာသီဉတုနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုမရှိခြင်းကြောင့် ခြင်ယင်နှင့် အင်းဆက်ပိုးမွှားများပေါက်ဖွားမှုများပြားခြင်း | • ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ အခါအားလျော်စွာ ကျင်းပသွားမည်<br>• လူထုအတွက် ကျန်းမာရေးရန်ပုံငွေများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ လူထုကျန်းမာရေးဝန်ဆောင်မှု အပြည့်အဝရရှိရန် ကြိုးပမ်းဆောင်ရွက်ခြင်း | |
| ၃ | **ပညာရေးကဏ္ဍ** | | | | | |
| | • ကျောင်းသားဦးရေနှင့်သင်ကြားရေးဆရာ/ဆရာမဦးရေမျှတမှုရှိခြင်း | • ကျောင်းသားဦးရေတိုးလာခြင်း<br>• အစိုးရခန့်ဆရာ၊ဆရာမများ လုံလောက်မှုမရှိခြင်း<br>• ကျောင်းသားမိဘများ၏ | • မြို့နှင့်(၄)မိုင်သာဝေး၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့်ဆရာမများ သွားလာရေးလွယ်ကူခြင်း | • ကျောင်းသား၊ ဆရာမိဘ ဆက်ဆံရေး မပြေလည်မှု အနည်းငယ်ရှိ၍ပညာရေးနှင့် သင်ကြားရေး လစ်ဟာမှုများ ကြုံတွေ့ | • မြို့နယ်ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ပညာရေး အထောက်အပံ့ပေးသော ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဝန်ဆောင်မှုများ | • ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်<br>- ပညာရေးဦးစီးဌာန နှင့် ချိတ်ဆက်၍ ဆရာ/ဆရာမများ လုံလောက် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | အထွေထွေအကြပ်အတည်းနှင့် ငွေကြေးအခက်အခဲများရှိခြင်း | • ကျေးရွာတွင်ဘွဲ့ရပညာတတ်များ ရှိခြင်း<br>• ပညာရေးဦးစီးဌာနရှိခြင်း | ရင်ဆိုင်ရခြင်း<br>• နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း မရှိခြင်း<br>• ကျောင်းထားရန် ငွေကြေးမတတ်နိုင်ခြင်း | ရရှိအောင် ဆောင်ရွက်ခြင်း | စွာရရှိအောင်ဆောင်ရွက်ခြင်း<br>- ပညာရေး အထောက်အကူပြု ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပညာရေးဝန်ဆောင်မှုများ ရရှိအောင်ဆောင်ရွက်ခြင်း<br>- ခေတ်မီသော ပညာရေးသင်ကြားမှုများ ရရှိအောင်ဆောင်ရွက်ခြင်း |
| ၄ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | • စိုက်ပျိုးရေးနည်းပညာအသုံးပြုနိုင်မှု အားနည်းခြင်း<br>• မျိုးကောင်းမျိုးသန့်များလက်လှမ်းမမီခြင်း<br>• စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ကောင်းစွာ မရရှိခြင်း | • ဓာတုဩဂဲနစ် သီးနှံများစိုက်ပျိုးထုတ်လုပ်ရန် အသိပညာနည်းပါးခြင်း<br>• မျိုးကောင်းမျိုးသန့် ဝယ်ယူစိုက်ပျိုးမှုအားနည်းခြင်း<br>• စိုက်ပျိုးရေးခြံများနှင့် အလှမ်းဝေးနေခြင်း<br>• မျိုးသန့်ဝယ်ယူစိုက်ပျိုးရန် ငွေကြေးမတတ်နိုင်ခြင်း | • စိုက်ပျိုးရေးဌာနရှိခြင်း<br>• စိုက်ပျိုးရေးကုမ္ပဏီများရှိခြင်း<br>• မျိုးသန့်အနည်းငယ်မျိုးသန့်ပွားနည်းပညာ မသိရှိခြင်း<br>• မျိုးသန့်ရောင်းချနေသော နေရာများနှင့် ချိတ်ဆက်မှုအားနည်းခြင်း<br>• မြို့နှင့်(၄)မိုင်သာဝေး၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ပွဲရုံများနှင့် လက်လှမ်းမီခြင်း<br>• ကိုင်းမြေ၊ကျွန်းမြေများဖြစ်၍ မြေဆီ၊ မြေနှစ်အလွန်ကောင်းခြင်း | • စိုက်ပျိုးရေးဌာနမှ ကွင်းဆင်း ပညာပေးမှုအားနည်းခြင်း<br>• စိုက်ပျိုးရေးကုမ္ပဏီက နည်းပညာပံ့ပိုးပေးခြင်းထက် အရောင်းမြှင့်တင်ရေးကိုသာ ဦးစားပေး ဆောင်ရွက်ခြင်း<br>• ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် မျိုးစေ့ဥပဒေများချမှတ်ထားသော်လည်းအသုံး ပြုရာတွင် ထိရောက်မှုအားနည်းခြင်း<br>• စိုက်ပျိုးရေးထုတ်ကုန်များ ဈေးနှုန်း မတည်ငြိမ်ခြင်း၊ ဈေး | • ခေတ်မီ စိုက်ပျိုးနည်းပညာများရရှိရန် နိုင်ငံတော်နှင့် အဖွဲ့အစည်း အသီးသီးမှ အကူအညီများ ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ထုတ်ကုန်များ ဈေးကွက်ကောင်းစွာရရှိရန်နှင့် အရည်အသွေး မြှင့်တင်ရန် အတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများ ရရှိအောင်ဆောင်ရွက်ခြင်း<br>• ဈေးကွက်ဝင်သီးနှံများ ရွေးချယ် စိုက်ပျိုးရန်၊ တစ်အုပ်တစ်မနှင့် တစ်စုတစ်စည်းတည်း စုပေါင်းတိုင်ပင်၍ ညှိနှိုင်း | • စိုက်ပျိုးရေးနည်းပညာ အကူအညီများပံ့ပိုးမှုများရရှိအောင် ဆောင်ရွက်ခြင်း<br>- ခေတ်မီစိုက်ပျိုးရေး နည်းပညာများပိုမိုကျယ်ပြန့်စွာ ဖြန့်ဖြူးပေးရန် ဆောင်ရွက်ခြင်း<br>- ထုတ်ကုန်များအပေါ် အဆင့်ဆင့် အမြတ်ထုတ်မှုနှင့် ဈေးကွက်ထိုးဖောက်ရန် အတွက် နိုင်ငံပိုင်လက်ကားဈေးများ ဖွင့်လှစ်ပေးရန် ဆောင်ရွက်ခြင်း<br>- တောင်သူများရင်ဆိုင်နေရသည့် အခက်အခဲများ သိရှိနိုင်ရန်ဆောင်ရွက်ခြင်း<br>- ကျေးရွာများအထိ လာရောက်လေ့လာသုံးသပ်နိုင် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | နှိမ်ခံရခြင်း<br>• ထုတ်ကုန်အရည်အသွေး နိမ့်ကျ၍ ဈေးကွက်ထိုးဖောက်နိုင်မှု အားနည်းခြင်း | အဖြေရှာခြင်း | အောင် ဆောင်ရွက်ခြင်း<br>- မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာနေရာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- စိုက်ပျိုးရေးစရိတ်၊ ချေးငွေထောက်ပံ့မှုများ ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ၅ | **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ** | | | | | |
| | • အစိုးရချေးငွေများ နည်းပါး၍ ပုဂ္ဂလိက ချေးငွေများ အတိုးနှုန်း ကြီးမြင့်ခြင်း | • ပုဂ္ဂလိကဘဏ်များ အာမခံမပါလျှင် ငွေမချေးခြင်း<br>• အသေးစားငွေကြေး ဝန်ဆောင်မှုအဖွဲ့များရွာတိုင်း မရောက်ရှိခြင်း<br>• အစိုးရဌာနချေးငွေများ တွင် ကန့်သတ်ချက်များ ရှိ၍ အဆင်မပြေခြင်း | • ကိုယ်ထူကိုယ်ထ ငွေစု ငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း<br>• သမဝါယမဘဏ်၊ ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်နိုင်ခြင်း<br>• ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ရန်ပုံငွေများ ပံ့ပိုးပေးခြင်း | • ချေးငွေများ ပြန်ဆပ်ရန် ပျက်ကွက်ခြင်းကြောင့် ငွေချေးစနစ်များပျက်စီးရခြင်း<br>• ဘဏ်အတိုးနှုန်းနှင့် ပုဂ္ဂလိကအတိုးနှုန်း ကွာဟချက် ကြီးမားခြင်း | • လုပ်ငန်းအလိုက် အစုအဖွဲ့များ ခိုင်မာစွာ ပေါ်လာစေရန်ဆောင်ရွက်ပြီး အစုအဖွဲ့စနစ်ဖြင့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း<br>• ပြင်ပငွေကြေးအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ကျေးရွာရှိ လုပ်ငန်းအဆိုပြုအစုအဖွဲ့များ ချိတ်ဆက်နိုင်ရေး စီစဉ်ဆက်သွယ်တင်ပြခြင်း<br>• ချေးငွေ စိစစ်ရေး အဖွဲ့ထားရှိ၍ငွေကြေးလိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်ခြင်း | • ဘဏ်များ ငွေကြေးဝန်ဆောင်မှုများရရှိအောင် ဆောင်ရွက်ခြင်း<br>• လုပ်ငန်းအလိုက် ကျစ်လစ်ခိုင်မာသည့် ငွေကြေးဆိုင်ရာ အစုအဖွဲ့များဖွဲ့စည်းပြုစုပျိုးထောင်၍ ဆောင်ရွက်ခြင်း<br>• လက်ရှိ အစိုးရဌာနများမှ ထုတ်ချေးသည့် ချေးငွေများ ပိုမိုထိရောက်သွက်လက်လာစေရန် ဆောင်ရွက်ခြင်း |
| ၆ | **စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ** | | | | | |
| | • အသက်မွေးဝမ်းကျောင်းအတတ်ပညာများ မတတ်ခြင်း | • ကျေးရွာအတွင်း ဝင်ငွေရ အလုပ်အကိုင်ရှားပါးခြင်း | • မြို့နှင့်(၄)မိုင်သာဝေး ၍ ဈေးသို့ ကျပန်းလုပ်ငန်းများ လုပ်ကိုင်နိုင် | • စိုက်ပျိုးမြေဧက နည်းပါး၍ လုပ်ငန်းများရှားပါးခြင်း | • ကျွမ်းကျင်လုပ်သားများ အတွက်ဝင်ငွေရလုပ်ငန်းများ ထူထောင်နိုင်ရန် | • အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများ ရရှိအောင် ဆောင်ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | • ပညာရေးနိမ့်ပါးခြင်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်ရန် ငွေကြေး မတတ်နိုင်ခြင်း | ခြင်း<br>• စိုက်ပျိုးရေးကူလီများ ဝင်ငွေရလုပ်ကိုင်နိုင်ခြင်း<br>• မန်းရေနံနှင့် ထိစပ်ကျေးရွာဖြစ်ခြင်း ကြောင့် အခြေခံဝန် ထမ်းအဖြစ် ဝင်ရောက် လုပ်ကိုင်နိုင်ခြင်း | • အသက်မွေးဝမ်း ကျောင်းနှင့် အိမ်တွင်းမှု လုပ်ငန်းများ ဖွံ့ဖြိုးရန် သင်တန်းများမရှိခြင်း<br>• လုပ်ငန်းခွင်သုံး ပညာအရည်အချင်း နည်းပါးခြင်း<br>• လုပ်ငန်းထူထောင်ရန် ငွေကြေးအရင်းအနှီးမရှိခြင်း | ဘဏ်များနှင့်ချိတ်ဆက်၍ လုပ်ငန်းများ ထူထောင်နိုင်ရန် ဆောင်ရွက်ခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခြင်း | -ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကိုးအကားဖြင့်ဒေသဖွံ့ဖြိုးရေးအတွက် စက်ရုံ၊ အလုပ်ရုံ၊ အိမ်တွင်းမှု၊ စက်မှု၊ လက်မှုသင်တန်းများ ရရှိအောင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>-ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခြင်း |
| ၇ | **လမ်းပန်းဆက်သွယ်ရေးနှင့်အဆောက်အဦးကဏ္ဍ** | | | | | |
| | • ရွာတွင်းလမ်းများ မကောင်းခြင်း<br>• ရွာချင်းဆက်လမ်းများ မကောင်းခြင်း<br>• ကျေးရွာဓမ္မာရုံပျက်စီးနေခြင်း | • မြေသားလမ်းဖြစ်၍ မိုးရေတိုက်စားခြင်း<br>• မြေနီလမ်းဖြစ်၍ အသွားအလာများမှုကြောင့် ပျက်စီးလွယ်ခြင်း<br>• ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာဖွံ့ဖြိုးရေးစိတ် ပါဝင်စားသူများရှိခြင်း | • သစ်ပင်ကြီးများ မခုတ်ဘဲ အိမ်ဝိုင်းချဲ့ခြင်း<br>• မိုးများခြင်း၊ သွားလာမှုများခြင်း၊ မြေနီနည်းခြင်းတို့ကြောင့် လမ်းများ ပျက်စီးခြင်း<br>• ကိုယ်ထူကိုယ်ထ မီးဆွဲရန်ဆင်းရဲနွမ်းပါးသူများပြား၍ ငွေကြေးအခက်အခဲများရှိခြင်း<br>• ဌာနများနှင့် ချိတ်ဆက်မှု အားနည်းခြင်း | • လမ်းမြေများ အတိအကျသတ်မှတ်ကြေငြာ၍ ဝိုင်းမြေမချဲ့ရန် အသိပေးကြေငြာခြင်း<br>• လမ်းများပြုပြင်ခြင်း<br>• ကျောက်ခင်းကတ္တရာလမ်း(သို့) ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲပေးခြင်း<br>• ငွေစုစနစ်များ ဖွံ့ဖြိုးစေခြင်းဖြင့် ငွေကြေးအခက်အခဲများ ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ဆပ်ကော်မတီဖွဲ့စည်းပြီး ကျေးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းလမ်းများကောင်းမွန် အောင်ဆောင်ရွက်ခြင်းနှင့် ကျေးရွာဓမ္မာရုံအားပြုပြင်ခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br>- ကိုယ်ထူကိုယ်ထ လုပ်အားဖြင့် လမ်းများနှစ်စဉ်ပြုပြင်ခြင်း<br>- လမ်းကော်မတီများ ဖွဲ့စည်း၍ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်း<br>- ကျေးရွာဓမ္မာရုံအားပြန်လည်ပြုပြင်နိုင်ရန် အကူ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | | အညီများတောင်းခံခြင်း<br>- ကျေးရွာဓမ္မာရုံအားပြန်လည်ပြုပြင်ခြင်း |
| ၈ | **ရေရရှိရေးကဏ္ဍ** | | | | | |
| | • သောက်သုံးရေမလုံလောက်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• သောက်သုံးရေရရှိသော်လည်းမလုံလောက်ခြင်း | • ကျေးရွာဖွံ့ဖြိုးရေးကိုဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများရှိခြင်း<br>• ပြင်ပထောက်ပံ့ပေးနေသောအဖွဲ့အစည်းများရှိခြင်း | • သက်ဆိုင်ရာဌာနများ နှင့်ချိတ်ဆက်မှုအားနည်းခြင်း<br>• ဆင်းရဲသောကျေးရွာဖြစ်ခြင်း | • ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>• ပြင်ပအလှူရှင်များနှင့်ချိတ်ဆက်အကူအညတောင်းခံခြင်း | • သောက်သုံးရေဖူလုံစွာရရှိအောင်ဆောင်ရွက်ခြင်း<br>- သောက်သုံးရေဖူလုံစွာရရှိရေးဆောင်ရွက်နိုင်ရန်ရံပုံငွေများစုဆောင်းခြင်း<br>- ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေသောအဖွဲ့အစည်းများနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>- ပြင်ပအလှူရှင်များနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း |

နောက်ဆက်တွဲ(၃)

## လက်ပံတောကျေးရွာ၊ လက်ပံတောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းလေး | ဦးကြီးမောင် | ၈/မဘန(နိုင်)၀၅၈၆၉၈ | ၅၁ | ဥက္ကဋ္ဌ | ၀၉-၂၅၆၄၅၅၇၆၄ |
| ၂ | ဦးကျော်ဆောင် | ဦးအုံ | ၈/မဘန(နိုင်)၀၇၅၆၉၃ | ၆၇ | စာရင်းကိုင်-၁ | ၀၉-၇၇၉၃၇၉၁၁၂ |
| ၃ | ဦးကျော်လှိုင် | ဦးငွေခဲ | ၈/မဘန(နိုင်)၁၀၇၀၈၀ | ၅၈ | စာရင်းကိုင်-၂ | ၀၉-၇၈၉၀၅၉၉၄၅ |
| ၄ | ဦးကျော်စိုး | ဦးချစ်လှိုင် | ၈/မဘန(နိုင်)၀၃၈၀၈၃ | ၅၀ | အတွင်းရေးမှူး | ၀၉-၇၇၇၉၂၇၀၂၁ |
| ၅ | ဦးတင်ထွန်း | ဦးငြိမ်း | ၈/မဘန(နိုင်)၀၃၉၃၀၃ | ၅၀ | အဖွဲ့ဝင် | ၀၉-၇၈၃၉၉၂၆၀၆ |
| ၆ | ဦးနိုင်ဝင်း | ဦးချစ်လှိုင် | ၈/မဘန(နိုင်)၀၉၅၉၄၄ | ၃၉ | အဖွဲ့ဝင် | |
| ၇ | ဦးဉာဏ်ရှင် | ဦးညိုလေး | ၈/မဘန(နိုင်)၀၉၅၉၄၅ | ၃၈ | အဖွဲ့ဝင် | |
| ၈ | ဦးခင်ဝင်း | ဦးစံဖေ | ၈/မဘန(နိုင်)၀၃၈၂၀၂ | ၆၄ | အဖွဲ့ဝင် | |
| ၉ | ဦးမောင်မောင်စိုး | ဦးအေးမောင် | ၈/မဘန(နိုင်)၀၀၂၅၄၄ | ၄၅ | အဖွဲ့ဝင် | ၀၉-၂၅၆၆၃၅၀၁၉ |
| ၁၀ | ဦးမြအေး | ဦးကျော်ရင် | ၈/မဘန(နိုင်)၀၉၅၉၁၆ | | စာရင်းစစ် | ၀၉-၉၆၁၅၀၁၅၆၅ |
| ၁၁ | ဦးဇော်ကြီး | ဦးစိန်ကြည် | ၈/မဘန(နိုင်)၁၆၂၄၅၃ | | ဘဏ္ဍာရေး | ၀၉-၂၅၃၅၂၃၆၀၁ |
| ၁၂ | ဦးဟံဝင်း | ဦးတုတ် | ၈/မဘန(နိုင်)၀၂၆၉၇၉ | ၄၇ | အဖွဲ့ဝင် | ၀၉-၄၅၁၉၃၅၉၄၄ |
| ၁၃ | ဦးညွန့်ဝင်း | ဦးလှိုင်ညို | ၈/မဘန(နိုင်)၀၃၈၀၅၉ | ၅၁ | အဖွဲ့ဝင် | ၀၉-၃၂၁၈၄၈၇၄ |
| ၁၄ | ဦးအောင်ကြည် | ဦးချစ်စိုင် | ၈/မဘန(နိုင်)၁၃၁၆၈၅ | ၄၂ | အဖွဲ့ဝင် | ၀၉-၉၇၉၃၆၇၅၄၁ |
| ၁၅ | ဦးအောင်မြင့် | ဦးကျော်လှ | ၈/မဘန(နိုင်)၀၉၀၃၁၈ | ၄၇ | အဖွဲ့ဝင် | |